ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်၊ စနေနေ့၊ အတွဲ(၅၁)၊ အမှတ်(၃၄၄)

ဧယျာသီရိပိမာန်၌ လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် **General Somdhat Attanand** နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိပိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (အောက်ပုံ) နှင့် တွေ့ဆုံနှုတ်ဆက်စဉ်။ (အောက်ဆုံးပုံ) **(သတင်းစဉ်)**



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်General Somdhat Attanandနှင့်အဖွဲ့အားလက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိပိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Somdhat Attanandနှင့်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosalနှင့် စစ်သံမှူး Colonel Kasam Nakpunတို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

နိုင်ငံတော်၏ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေး ဖန်တီးဖော်ဆောင် စီမံကိန်းလုပ်ငန်းကြီးများ စံချိန်စံညွှန်းမီပြီးစီးရေး ဝိုင်းဝန်းကြိုးပမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ရေမြေသဘာဝ သယံဇာတများ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်၊ သဘာဝသယံဇာတများစွာအနက် ရေသယံဇာတများကို ထုတ်ယူ၍ ဆည်မြောင်းတာတမံနှင့် မြစ်ရေတင်စီမံကိန်းများသာမက ရေအားလျှပ်စစ်စီမံကိန်းများကိုပါ တည်ဆောက်ကာ အကျိုးရှိရှိ အသုံးချလျက်ရှိသည်။

နိုင်ငံအတွင်း ရေသယံဇာတများထုတ်ယူ၍ ဆည်မြောင်းတာတမံစီမံကိန်း ၁၆၃ ခု၊ မြစ်ရေတင်စီမံကိန်း ၂၆၅ ခုတို့ကို တည်ဆောက် အကောင်အထည်ဖော်ပေးခဲ့ပြီး ဖြစ်သည်။

ထို့အပြင် ရေအားလျှပ်စစ်စီမံကိန်း၂၈ခု တိုးတက်တည်ဆောက်၍ မဂ္ဂါဝပ် ၄၀၀ နီးပါးထုတ်လွှတ်ပေးနိုင်ခဲ့သည်။ နိုင်ငံအတွင်း ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ခြောက်ခု ထပ်မံတည်ဆောက်နိုင်ခဲ့ရာ တည်ဆောက်ထားသည့် ဓာတ်ငွေ့သုံးစက်ရုံ ၁၄ရုံက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၀၀နီးပါး ထုတ်လုပ်နိုင်ပြီဖြစ်သည်။ မကြာမီကာလအတွင်း ရေအားလျှပ်စစ်နှင့် ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် စုစုပေါင်း ၃၀၀၀ကျော် ထုတ်လွှတ်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စက်တင်ဘာလ ၇ ရက်နေ့က မန္တလေးတိုင်း မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ မြစ်ငယ်မြစ်(ဒုဋ္ဌဝတီမြစ်)ပေါ်၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ မှာကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင်-

"ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့် ညီညွတ်ကိုက်ညီသည့် စံချိန်မီသော စီမံကိန်းကြီးဖြစ်အောင် ကြိုးပမ်းတည်ဆောက်ရန်နှင့် ငွေကြေး၊ ပစ္စည်းများသုံးစွဲရာ၌ စနစ်တကျဖြစ်အောင် ကြပ်မတ်စီမံရန်"

ပြောကြားသွားသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂)က အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။ ယခုအခါ စီမံကိန်းလုပ်ငန်း၏ အမှတ်(၁) ရေလွှဲဥမင်လိုဏ်၊ အမှတ်(၂) ရေလွှဲဥမင်လိုဏ်တို့ကို တိုးလျှိုပေါက် ဖောက်လုပ်ပြီးစီးနေပြီ ဖြစ်သည်။ အမှတ်(၁) ရေလွှဲဥမင်လိုဏ်နှင့် ဆက်သွယ်မည့် ချဉ်းကပ်ဥမင်လိုဏ်ကို ဆက်လက်ဖောက်လုပ်လျက်ရှိပြီး စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၇၉၀ ထုတ်ယူရရှိနိုင်မည် ဖြစ်သည်။ ယခုအခါ စီမံကိန်းလုပ်ငန်းများ၏ ၃၁ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဟု သိရသည်။

နိုင်ငံတော်အစိုးရက ယခုကဲ့သို့ စီမံကိန်းလုပ်ငန်းကြီးများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဝင့်ထည်စွာ ရပ်တည်နေနိုင်ရေးနှင့် နိုင်ငံသူနိုင်ငံသားများ သားစဉ်မြေးဆက် ကောင်းစားရေးအတွက် မှန်မြတ်သောစေတနာဖြင့် ဖန်တီးဖော်ဆောင်ပေးနေခြင်း ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ရေရှည်အကျိုးစီးပွားအတွက် ဖန်တီးဖော်ဆောင်လျက်ရှိသည့် လုပ်ငန်းများ အောင်မြင် ဖြစ်ထွန်းလာစေရေးအတွက် သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများနှင့် ဝန်ထမ်းများအားလုံးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စီမံကိန်းလုပ်ငန်းကြီးများ ပြီးစီးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း လုပ်ဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နွေစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းစည်းဝေး တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်တိုင်း စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ နွေစပါးနှင့်ဆောင်းသီးနှံစိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေကအမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လှည်းကူးမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ မှော်ဘီမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့မှ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက သက်ဆိုင်ရာ မြို့နယ်များအလိုက် မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ နွေစပါးနှင့်ဆောင်းသီးနှံ ပြည့်မီကျော်လွန်စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုနှင့် စိုက်ပျိုးရေရရှိရေးအတွက် ကူညီဖြည့်ဆည်းပေးရမည့် အခြေအနေများနှင့် ပတ်သက်၍ မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုးက ရန်ကုန်တိုင်းအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် နွေစပါးစိုက်ပျိုးနိုင်ရေးစီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်များအလိုက် မိုးစပါး၊ နွေစပါးနှင့်ဆောင်းသီးနှံများ လျာထားသတ်မှတ်ချက်ထက် ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရေးကြပ်မတ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်း၊ တိုင်းစိုက်ပျိုးရေးမန်နေဂျာဦးအောင်ဆန်း၊ မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးကြင်ထွန်း၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်စိုး၊ စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူး ဦးအေးသန်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ တိုင်းဦးစီးမှူး ဦးဉာဏ်ဝင်းတို့က ရန်ကုန်တိုင်းအတွင်း နွေစပါးတိုးချဲ့စိုက်ပျိုးရေး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးတို့နှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဖြည့်ဆည်းပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ယခုအခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများကို ၁၂လရာသီစိုက်ပျိုးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိရာ မိမိတို့မြို့နယ်အလိုက် မြေလွတ်မြေလပ်မကျန် စိုက်ပျိုးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

(သတင်းစဉ်)

စက်တင်ဘာ ၃ ရက်က လှိုင်သာယာမြို့နယ် အမက(၃၂)တွင် မယ့်ရွှေသွေး ကိုယ့်အားကိုယ်ကိုး ကျောင်းစာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်မြင့်နိုင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန္တာအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၁-၉-၂၀၀၄
(စနေနေ့)
နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဆရာတော် ဦးဃောသိတ တရားတော် **"ဒါရကန္တော၁ပမသုတ်"**

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၄။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၀	၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၅	၆။	မြန်မာသံစဉ်ချိုနှားဝင်
၄:၄၅	၇။	မျိုးချစ်တပ်မတော်
၅:၀၀	၈။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -ထပ်ဆင့်ကြိယာများ (Derivative Verbs) (အရှေ့တိုင်းပညာ-ဒုတိယနှစ်)
၅:၃၀	၉။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၄၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၅။	မြန်မာ့ရှုခင်း
၆:၄၀	၁၆။	လျှပ်တစ်ပြက်
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မဆုတ်မနစ်"**(အပိုင်း-၁၀)
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	လျှပ်တစ်ပြက်
	၂၁။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	English Premier League ဘောလုံးပွဲ Portsmouth Vs Crystal Palace

ဘဝပင်လယ်နှင့် သုတပုလဲသွယ်

ရတနာစည်ဆရာတော်
(လှိုင်လင်)

စာပေများလှူဒါန်းကြရာ တန်ဖိုးငွေအားဖြင့် ကျပ် ၅၄၁၁၃၄၀ ဖြစ်ကြောင်းနှင့် ပညာအလင်းပြစာအုပ်တိုက် ဦးအုန်းမောင်(ရာမ)က ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ထူထောင်ရန် မတည်ရန်ပုံငွေကျပ်ကိုးသောင်း လှူဒါန်းကြောင်း နှစ်ထောင်းအားရ သောမနဿပီတိ ဘဝင်၏ဘဝင် မြင့်တက် လှုပ်ခတ်ဖွယ် သိမှတ်ရပါ၏။

အမှာစကားပြောကြား

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေး ညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(က)

ဘဝကိုပင်လယ်ပြင်နှင့် ဥပမာနှိုင်းနိုင်လျှင် သုတကို ပုလဲရတနာနှင့် ဥပမာဟပ်နိုင်မည်။ ပုလဲရတနာသည် ပင်လယ်ထဲ၌ တည်ရှိပြီး ပင်လယ်ပြင် တန်ဖိုးကို မြှင့်ပေးနေသကဲ့သို့ သုတသည် ဘဝ၌တည်ရှိကာ ဘဝတန်ဖိုးကို မြှင့်ပေးနေလေ၏။ တစ်ခုရှိသည်မှာ ပင်လယ်ထဲ၌ ပုလဲရတနာကို တကူးတကန့် ရှာဖွေမှသာ တွေ့ရှိပိုင်ဆိုင်နိုင်သကဲ့သို့ ဘဝထဲ၌ သုတရတနာကို တကူးတကန့် ရှာဖွေမှသာ ရရှိပိုင်ဆိုင်နိုင်ခြင်း ဖြစ်ပါ၏။

(ခ)

သုတသည် ဥပစိတ (ဆည်းပူးခြင်း) အနက်ရှိ၏။ အနုယောဂ (အစဉ်ယှဉ်စပ်ခြင်း) အနက်လည်းရှိ၏။ (အဘိဓာနပ္ပ ဒီပိကာသူစိ ကျမ်းစာ ၅၇၆)။ ယင်းသုတကို မြတ်ဗုဒ္ဓက အရိယ ဓန (သူတော်ကောင်းဥစ္စာ ရတနာ) အဖြစ် လည်းကောင်း၊ သဒ္ဓမ္မ (သူတော်ကောင်းတရား) အဖြစ်လည်းကောင်း၊ ပါထိက ဝဂ္ဂပါဠိတော်၌ ဟောကြားထားတော်မူ၏ (ဒီ ၃၊၂၀၈)။ ထို့ပြင် ကြီးပွားချမ်းသာခြင်း၏ အကြောင်းတရားအဖြစ် ခုဒ္ဒကပါဌ်ပါဠိတော်၌ ဟောကြားထားတော်မူ၏။ (ခု၊၃)။

ယင်းသုတပါဠိကို မြန်မာ့နားထဲသို့ ရှင်းလင်းစွာ ဝင်သွားအောင် မြန်မာစကားအဖြစ် "အကြား၊ အမြင်"ဟု မြန်မာပြန်ဆိုခဲ့ကြသော ရှေးဘိုးဘေး ပညာရှင်ကြီးများကို ချီးကျူးဂုဏ်ပြုပါ၏။ ထို့ကြောင့် သုတဟူသည် အကြား အမြင်ပါတည်း။ အကြားအမြင်ကိုဆည်းပူးခြင်း၊ အကြား အမြင်နှင့် အစဉ်ယှဉ်စပ်ခြင်းသည် သုတပါတည်း။ ယင်းသုတဟူသော ကံ၏ ကတ္တားသော်မူ နားနှင့်မျက်စိ ဖြစ်ပါ၏။

ဉာဏ်ပညာကိုပါ ရယူနိုင်ခဲ့ကြသောကြောင့် နိဗ္ဗာန်အမြိုက် ဓာတ်အထိ ဆိုက်ကပ်တွေ့ထိ ရရှိပိုင်ဆိုင်သူ အသချေ်အနန္တ ရှိခဲ့ပြီမဟုတ်လော။

(ဃ)

မိဘတို့၏ဘဝများ၊ ထိုဘဝများထဲမှ အခက်အခဲများနှင့် အချောအမွေ့များ၊ အကြမ်းအတမ်းများနှင့် အပြေအလျော့များကို သုတဖြင့် သားသမီးတို့ရရှိကြ၏။ ဆရာသမားတို့၏ ဘဝများ၊ ထိုဘဝများထဲမှ ကျပ်တည်းခြင်းနှင့် ကျယ်ပြောခြင်းများ၊ ရှန်းကန်ခြင်းနှင့် ငြိမ်သက်ခြင်းများကို သုတဖြင့် တပည့်တပန်းတို့ ရရှိကြ၏။ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ခြင်းနှင့် ကျဆင်းခြင်းများ၊ ဖွံ့ဖြိုးခြင်းနှင့် ကြုံလှီခြင်းများ၊ အဆိုးအကောင်းနှင့် အကျိုးအကြောင်းသဘာဝများကို သုတဖြင့် နိုင်ငံသားတို့ရရှိကြ၏။ ယင်းရရှိချက်အပေါ် သုတ၏ အထွတ်အထိပ် ဉာဏ်ပညာဖြင့် ဝေဖန်သုံးသပ်ကာ မြော်မြင်ဆုံးဖြတ် ထပ်ဆင့်ကြိုးပမ်းတတ်ပါမူ သားသမီးတို့၏ ဘဝ၊ တပည့်တပန်းတို့၏ဘဝ၊ နိုင်ငံသားတို့၏ ဘဝသည် အလှအပအပေါင်း သရဖူဆောင်းလာရမည် မုချဖြစ်၏။

(င)

သုတံ ပညာယ ဝဍ္ဎနံ (ထေရ၊ ၂၅၀)။

သုတသည် ပညာ၏တိုးပွားကြောင်းဖြစ်သည်။

ယနေ့ခေတ်ကို ပညာခေတ်ဟု ဆိုကြ၏။ ပညာခေတ်ဟု ဆိုရလောက်အောင် သုတတွေက မကုန်နိုင် မဆုံးနိုင် ဖြိုင်ဖြိုင်ကြီး တိုးပွားနေလျက်ရှိ၏။ မာလ်တီမီဒီယာ၊ အီလက်ထရောနစ် မီဒီယာ၊ ပရင့်မီဒီယာ စသည်ဖြင့် သုတတွေက လူသားတွေကို စိန်ခေါ်နေကြလေ၏။ ICT နည်းပညာခေတ်ဖြစ်၍ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့်

နိုင်ငံတော်ကလည်း ပံ့ပိုး၏။ ဝန်ကြီးဌာနကလည်း ပံ့ဖော်၏။ စာပေပြုစုသူ၊ စာပေထုတ်ဝေသူ၊ စာပေဖြန့်ချိသူ၊ စာပေဖတ်ရှုသူ ပြည်သူအပေါင်းကလည်း ပူးပေါင်းပါဝင်သည့်ပြင် ကျေးရွာလူထု ကိုယ်တိုင်ကလည်း တက်ကြွကြိုးပမ်းပါလျှင် သုတပုလဲလုံးတို့သည် တစ်ကုံးပြီးတစ်ကုံး တစ်သွယ်ပြီးတစ်သွယ် တင့်တယ်ဝင့်ဝါ လာလိမ့်မည်။

(ဂ)

နားကိုစွင့်လျက် အသံ၏ အနီး၊အဝေးကို ချိန်ဆတတ်လာခြင်း၊ နားကိုစွင့်လျက် အသံ၏ပုံပန်(ချိုးမွမ်း၊ ကဲ့ရဲ့စသည်)ကို တည်းဖြတ်တတ်လာခြင်း၊အသံ၏ နောက်ဆက်တွဲ အကျိုးရလဒ်ကို ဆုံးဖြတ်တတ်လာခြင်း၊ ထိုမှတစ်ပါး မျက်စိကိုဖွင့်လျက် မြင်ကွင်း၏ အပူ၊ အအေးကို ကြည့်တတ်လာခြင်း၊ မျက်စိကိုဖွင့်လျက် အကျိုးပြုရှုခင်း၊ အဆိုးပြုရှုခင်းကို တည်းဖြတ်တတ်လာခြင်း၊ မြင်ကွင်း၏ နောက်ဆက်တွဲ အကျိုးရလဒ်ကို ဆုံးဖြတ်တတ်လာခြင်း တို့ကြောင့် သုတ၊ သို့မဟုတ် အကြားအမြင်၏တန်ဖိုးသည် လူ့သမိုင်းတစ်လျှောက် ပို၍ပို၍ မြင့်မားလာခဲ့ရ၏။ ထိုတန်ဖိုးကို ဘဝထဲမှာ ကြားလာ၊ မြင်လာ၊ ရယူလာခဲ့ကြရ၏။ ထို့ကြောင့် ပို၍ပို၍ ယဉ်ကျေးသောလူ့ဘောင် ဖြစ်တည်လာခဲ့ရ၏။ သုတတန်ဖိုးကို ဘဝထဲမှ ရယူရင်း သုတ၏ အထွတ်အထိပ်အဖြစ် ဉာဏ်ပညာကိုပါ ပိုင်ဆိုင်လာခဲ့ကြရ၏။

မြတ်ဗုဒ္ဓ၏ နှုတ်တော်မှ ထွက်ပေါ်လာသောအသံ (သဒ္ဒ)ကို အကြား (သုတ) ဖြင့်စွဲပိုက်ကာ အထွတ်အထိပ်

သုတရေးရာ မိနစ်ပိုင်းမျှ နောက်ကျမခံနိုင်သော အနေအထားရောက်ရှိနေ၏။ တိုးပွားလာနေသော သုတများကို မဆည်းပူးမိလျှင် ခေတ်နှင့်တစ်ပြေးညီ လိုက်ပါရန်မလွယ်။ တိုးပွားလာနေသော သုတများကို ဆည်းပူးနိုင်၊ အစဉ်ယှဉ်စပ်နိုင်မှသာ ခေတ်ကိုဝေဖန်ပိုင်းခြားနိုင်လျက် ခေတ်ရေစီးကြောင်းအထက်မှာ လိုက်ပါနိုင်လိမ့်မည်။

ခေတ်ကို သုတဖြင့်မွေနှောက်ကာ ပညာဖြင့်စေစားနိုင်မှသာ သူတော်တရား၊ မသူတော်တရားတို့ကို ပိုင်းခြားကန့်သတ်နိုင်မည်။ အမှန်တရား၊ မမှန်တရားတို့ကို ပြတ်သားဆုံးဖြတ်နိုင်မည်။ ကြီးပွားချမ်းသာခြင်း၏ အကြောင်းရင်း၊ ဆုတ်ယုတ်ဆင်းရဲခြင်းတို့၏ အကြောင်းရင်းတို့ကို ထင်လင်းသိရှိနိုင်မည်။ ထို့ကြောင့် သုတသည် အရိယာဓနမည်၏။ သဒ္ဓမ္မမည်၏။ မင်္ဂလာမည်၏။

သည်အကြောင်းခံတို့ကြောင့်ပင် **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"**ဟူသော ဦးတည်ချက်ကို နိုင်ငံတော်က ရည်မှန်းလျှောက်လှမ်းနေခြင်းဖြစ်၏။

"မိမိတို့ဝန်ကြီးဌာနကလည်း တစ်နိုင်ငံလုံး နယ်စပ်ဒေသပါမကျန် သတင်းအချက်အလက်များ အချိန်မီရောက်ရှိ ပျံ့နှံ့ရေး၊ ပြန်ကြားရေး သတင်းအချက်အလက်များ ပြည်ပသို့ထိုးဖောက်ရောက်ရှိရေးနှင့် သတင်းအချက်အလက်များ သွက်လက်ထက်မြက်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

"ထိုသို့ ရည်မှန်းချက်ထားရှိ ဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်းရှိ ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ပေါက်ရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ပထမအဆင့်အနေဖြင့် ကျေးရွာအုပ်စုပေါင်း ၁၃၄၇၈ အုပ်စုအနက် ယခုအချိန်အထိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ပြီး ကျေးရွာအုပ်စု ၄၉၆၂အုပ်စုဖြစ်၍ ဖွင့်လှစ်ရန် ၈၅၁၆အုပ်စု ကျန်ရှိနေသေးကြောင်း"

သုတပုလဲသွယ်ဟု ဆိုရမည့် သုတဆည်းပူးရာ စာကြည့်တိုက်များ ကျေးရွာအရောက် ထိုးဖောက်ပျံ့နှံ့ရေးအတွက် ဩဂုတ် ၁၇ရက် မွန်းလွဲ ၁နာရီမှာ သိမ်ဖြူလမ်း ပြန်ကြားရေးဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပအပ်သော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ အမှာစကား ဖြစ်ပါသည်။ ယင်းအမှာစကား၌ သုတပုလဲသွယ်ဟုဆိုရမည့် စာကြည့်တိုက်များ၏ ယနေ့အနေအထားကို ဖော်ညွှန်းသကဲ့သို့ မနက်ဖြန်၏ အရှေ့ဦးကိုလည်း ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဤသို့ပုံဖော်သွန်းထား၏။

"နိုင်ငံတော်ပိုင်းမှ ပံ့ပိုးဆောင်ရွက်ပေးမှုအပါအဝင် စေတနာရှင်များနှင့် ကျေးရွာပြည်သူလူထုတို့ကလည်း ပူးပေါင်းဆောင်ရွက်ပါက အမြန်အကောင် အထည်ပေါ်မည်ဖြစ်ကြောင်း"

မှန်ပါသည်၊ **နိုင်ငံတော်ကလည်း ပံ့ပိုး၏။ ဝန်ကြီးဌာနကလည်း ပံ့ဖော်၏။ စာပေပြုစုသူ၊ စာပေထုတ်ဝေသူ၊ စာပေဖြန့်ချိသူ၊ စာပေ ဖတ်ရှုသူ ပြည်သူအပေါင်းကလည်း ပူးပေါင်းပါဝင်သည့်ပြင် ကျေးရွာလူထုကိုယ်တိုင် ကလည်း တက်ကြွကြိုးပမ်းပါလျှင် သုတပုလဲလုံးတို့သည် တစ်ကုံးပြီး တစ်ကုံး တစ်သွယ်ပြီးတစ်သွယ် တင့်တယ်ဝင့်ဝါ လာလိမ့်မည်။**

"သို့မှသာ ကျေးလက်နေပြည်သူများသည် စာပေနှင့် အလှမ်းမဝေးတော့ဘဲ နေ့စဉ်ထိတွေ့မှုရှိကာ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး အသိပညာများ တိုးတက်လာပြီး လူနေမှုဘဝမြင့်မားလာမည်ဖြစ်ကြောင်း"

"တစ်ဖက်ကလဲ စာပေပညာရှင်များ၏ စာအုပ်စာပေများ နေရာအနှံ့ရောက်ရှိကာ အကျိုးပြုမှာဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လဲ များစွာအကျိုးဖြစ်ထွန်းလာနိုင်သဖြင့် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ထွန်းလာရေးကို တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီပံ့ပိုးကြပြီး အကြံဉာဏ်ပေး ဆောင်ရွက်ကြစေလိုကြောင်း"

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ အဖွင့်အမှာစကားအဆုံးဝယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ကျေးရွာတိုင်း၌ ဖွင့်လှစ်နိုင်ရေးအတွက် စီမံချက်ချဆောင်ရွက်နေမှုအခြေအနေနှင့် စာအုပ်စာတမ်းများ ဖြည့်ဆည်းပေးမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြကာ အစည်းအဝေးတက်ရောက်လာကြသူ စာပေတိုက်များနှင့် စာပေဖြန့်ချိရေးလုပ်ငန်းရှင်များက စိတ်ဝင်စားစွာ ဝိုင်းဝန်း အကြံပြုဆွေးနွေးကြ၏။ ထို့နောက် စာနယ်ဇင်းတိုက်များမှ စေတနာရှင်များက စာအုပ်၊

ထို့ပြင် ထိုနေ့ နံနက် ၁၀ နာရီခွဲအချိန်မှာ ပန်းဆိုးတန်းလမ်း အမှတ် ၂၂/၂၄ ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စေတနာရှင်များက စာအုပ်များပေးအပ်လှူဒါန်းပွဲကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်၍ စာအုပ်များလက်ခံကာ ဂုဏ်ပြုစကား ပြောကြားချီးမြှင့်သကဲ့သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအထွေထွေမန်နေဂျာ ဦးသက်စိုး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ အလှူရှင်များတက်ရောက်ကြပြီး စာအုပ်များလှူဒါန်းကြရာ တန်ဖိုးငွေအားဖြင့် ကျပ် ၁၅၁၂၁၅၀ ဖြစ်ကြောင်း နှစ်ထောင်းအားရ တက်ကြွပီတိ ပဿဒ္ဓိစိမ့် တသိမ့်သိမ့် နားဆိမ့်သတင်း ကြားသိရပါ၏။

အလားတူ နိုင်ငံအဝန်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေးအတွက် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေ၊ စာအုပ်၊ စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၇ရက်က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အလှူရှင် ၁၅ ဦးတို့က အလှူငွေကျပ် ၁၅၄၄၀၀၀ နှင့် အလှူရှင် ၇၅ ဦးတို့က ငွေကျပ် ၄၉၉၂၉၅၀ တန်ဖိုးရှိ စာအုပ်၊ စာစောင်ပေါင်း ၁၂၉၆၃၂အုပ် ပေးအပ်လှူဒါန်းခဲ့ကြောင်း ထပ်မံကြားသိ ပီတိဖြစ်ရပြန်သည်။

သုတပုလဲလုံးတို့စံပျော်ရာ မှတ်ကောင်းများသဖွယ်ဖြစ်သော စာကြည့်တိုက်များ ကျေးရွာအရောက် ထိုးဖောက်ထွန်းပြူရေးအတွက် ကြိုးပမ်းချက်များဖြစ်ရာ ဤဆောင်းပါး အချောကိုင်နေစဉ် နောက်ဆုံးသုတမှာ ၂၀၀၄ခုနှစ် **စက်တင်ဘာ ၇ ရက်အထိ နိုင်ငံတစ်ဝန်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၇၃၆၄ ဖွင့်လှစ်ပြီးဖြစ်သည်** ဟူ၍။

နိုင်ငံတော်အစိုးရ၏ စေတနာမှန်မှု၊ ပြန်ကြားရေး ဝန်ကြီးဌာန၏ မြန်ဆန်သောဖော်ဆောင်မှု၊ စေတနာရှင် ပြည်သူများ၏ သဒ္ဓါသန်မှု မှတ်တမ်းပါပေ။

(စ)

ဤအရှင်တို့ ပဝတ္တိသီတင်းသုံးရာ လှိုင်လင်ခရိုင်၌ ၁၉၈၈ခုနှစ်မတိုင်မီကဆိုလျှင် လှိုင်လင်မြို့မှာ စာကြည့်တိုက် တစ်တိုက် ခပ်ပြားပြားတည်ရှိခဲ့၏။ တစ်ခရိုင်လုံးရှိ ၁၁ မြို့နယ်အတွက်ဆိုလျှင် ကျေးသီးမြို့နယ်၊ မိုးနဲမြို့နယ်တို့၌ စာကြည့်တိုက် တစ်ခုစီ တည်ရှိခဲ့သောကြောင့် တစ်ခရိုင်လုံးမှာ စာကြည့်တိုက် သုံးခုသာတည်ရှိခဲ့၏။ စည်ကားအပ်သော အရပ်ဖြစ်သည့် ယင်းစာကြည့်တိုက်များ၌ သုတရှာဖွေသူများနှင့် စည်စည်ကားကား မဖြစ်ခဲ့ချေ။ ယင်းအနေအထားက လှိုင်လင်ခရိုင်သားနှင့်သုတတရားအခြေအနေကို ပြောပြခဲ့လေ၏။ အားမနာတမ်း ဆိုရပါက လှိုင်လင်ခရိုင်သားတို့အဖို့ သုတတရားသည် မှုန်မှုန်မွှားမွှား ဝိုးတဝါးသာ ဖြစ်တည်ခဲ့ပါသည်။

ယင်း၏ဇာစ်မြစ်ကို စိစစ်ဖွေရှာလျှင် နယ်ချဲ့အမွေဆိုး အဖြစ် ထင်ကျန်ရစ်ခဲ့သည့် လက်နက်ကိုင်ဆန့်ကျင်ရေးများကြောင့် ဒေသတည်ငြိမ်အေးချမ်းမှု မဖြစ်ထွန်းခဲ့ခြင်းကို ပဓာနအကြောင်းရင်းကြီးအဖြစ် တွေ့မြင်ရ၏။ ယင်း၏ ဆက်တွဲအကျိုးရလဒ်အဖြစ် လမ်းပန်းဆက်သွယ်မှု မလုံခြုံခြင်း၊ ရောင်းရေးဝယ်တာ မသာယာခြင်း၊ စိုက်ပျိုးရေးရာ တက်မလာခြင်း၊ ပညာသုတမထွန်းပခြင်း စသည်တို့ကြောင့်

စာမျက်နှာ ၆ ကော်လံ ၁ သို့

ဘုရှ်၏ စီးပွားရေး မူဝါဒကြောင့် အလုပ်အကိုင်များဆုံးရှုံး ဒီမိုကရက်တစ်သမ္မတလောင်း ကယ်ရီ ဝေဖန်ပြောကြား

ဝါရှင်တန် စက်တင်ဘာ ၉

အမေရိကန်ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီသည် သမ္မတ ဂျော့ဒဗလျူဘုရှ်၏ စီးပွားရေးစံချိန်စံညွှန်းအပေါ် ၈ ဂ်ါနေ့က တိုးမြှင့်တိုက်ခိုက်ပြီး ဘုရှ်၏စီးပွားရေးမူဝါဒကြောင့် အမေရိကန်အလုပ်အကိုင်များဆုံးရှုံးရကြောင်း ပြောကြားလိုက်သည်။

အမေရိကန်က နေရာအနှံ့ကုမ္ပဏီများ ပိတ်ထားရပြီး အလုပ်ကို ဂရုတစိုက် ကြိုးစားသော အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ခဲ့ရကာ အသိုင်းအဝိုင်းတစ်ခုလုံး အကူအညီ သို့မဟုတ် မျှော်လင့်ချက်မဲ့ခဲ့ရကြောင်း ၎င်းကပြောကြားသည်။

၂၀၀၁ ခုနှစ်၌ ဘုရှ်သမ္မတဖြစ်လာခဲ့ချိန်မှစပြီး အမေရိကန်ပြည်ထောင်စုသည် အလုပ်အကိုင် တစ်သန်းခန့်ဆုံးရှုံးခဲ့ရသည်။ အမေရိကန်ပြည်ထောင်စု၏ အလုပ်အကိုင်ဈေးကွက်ကို စူးစမ်းလေ့လာသူများက သမ္မတ ဘုရှ်အတွက် အားနည်းချက်တစ်ခုအဖြစ် ရှုမြင်ထားသည်။

လွန်ခဲ့သည့်အပတ်၌ သမ္မတဟောင်း ဘီလ်ကလင်တန်က ကယ်ရီအား အကယ်၍ နိုဝင်ဘာလတွင် ကျင်းပမည့် သမ္မတရွေးပွဲ၌ အနိုင်ရရန်မျှော်လင့်သည်ဆိုလျှင် သမ္မတဘုရှ်၏မှတ်တမ်းကို ပြတ်ပြတ်သားသား ပြစ်တင်ရှုတ်ချရန် အကြံပေးခဲ့ကြောင်း အမေရိကန်သတင်းစာကြီးများက ရေးသားဖော်ပြခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်စစ်ဆင်နွှဲသည့်ဘုရှ် ပြန်အရွေးချယ်ခံရရေး အဟန့်အတားဖြစ်

ဝါရှင်တန် စက်တင်ဘာ ၉

ပြီးခဲ့သည့် ၂၀၀၃ ခုနှစ် မေလ ၁ ရက်နေ့၌ အီရတ်စစ်ပွဲပြီးဆုံးပြီးဖြစ်ကြောင်း အမေရိကန်သမ္မတ ဘုရှ်က ကြေညာခဲ့ချိန်တွင် အီရတ်စစ်ပွဲအတွင်း သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၃၈ ဦးရှိခဲ့သည်။ သို့ရာတွင် အမေရိကန်တို့ အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့သည့် ၂၀၀၃ ခုနှစ် မတ်လကစပြီး ယခုအချိန်အထိ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၀၀၀ ကျော်ရှိသွားပြီဖြစ် သည်။ ယင်းကိစ္စသည် လာမည့် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ သမ္မတဘုရှ်ပြန်လည်အရွေးခံရရေးအတွက် အဟန့်အတား ဖြစ်နေသည်။

ဝေဖန်

အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့သော သမ္မတဘုရှ်၏ ဆုံးဖြတ်ချက်အပေါ် ယခုအခါ ဝေဖန်မှုများစွာ ထွက်ပေါ်လျက်ရှိသည်။ အီရတ်နိုင်ငံအတွင်း လက်နက်ကိုင်ခုခံတိုက်ခိုက်ရေးသမားများမှာ ပိုမိုဖွဲ့စည်းတိုက်ခိုက်လာကြလျက်ရှိပြီး အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှုများမှာလည်း ပိုမိုမြင့်မားလျက်ရှိသည်။ ဘဂ္ဂဒက်မြို့ရှိ ဆာဒါစီးတီးနှင့် ဖော်လူဂျာဒေသတို့တွင် တိုက်ခိုက်မှုများပိုမိုဖြစ်ပွားလျက်ရှိပြီး ပြီးခဲ့သည့် တနင်္လာနေ့ကစပြီး သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၁၃ ဦး ရှိသွားပြီဖြစ်သည်။ **(စီအက်ဖ်အိုင်)**

ဘဂ္ဂဒက်မြို့ပြင်တွင် လမ်းဘေးဗုံးပေါက်ကွဲထိမှန်မှုကြောင့် ပျက်စီးသွားသော အမေရိကန် ဟမ်းဗီးစစ်ယာဉ်တစ်စီးကို စက်တင်ဘာ ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ တည်ငြိမ်ရန်နှင့် နိုင်ငံခြားတပ်များ ရုပ်သိမ်းရန်ကြိုးပမ်းမှု ယီမင်နိုင်ငံက ထောက်ခံကြောင်း သမ္မတအလီအဗ္ဗဒူလာဆာလီ ပြောကြား

ဆာနား စက်တင်ဘာ ၉

အီရတ်နိုင်ငံ လုံခြုံမှုနှင့် တည်ငြိမ်မှုရရှိပြီး နိုင်ငံခြားတပ်ဖွဲ့ဝင်များ၏ သိမ်းပိုက်မှု အဆုံးသတ်ရေး ကြိုးပမ်းမှုမှန်သမျှကို မိမိအစိုးရက ထောက်ခံကြောင်း ယီမင်သမ္မတအလီအဗ္ဗဒူလာဆာလီက ဆာနားမြို့၌ ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

ယီမင်သမ္မတသည် ယီမင်နိုင်ငံသို့ ဗုဒ္ဓဟူးနေ့၌ သုံးရက်ကြာ အလည်အပတ်ရောက်ရှိလာသော အီရတ်ကြားဖြတ် နိုင်ငံခြားရေးဝန်ကြီး ဟိုရှ်ယာဇီဘာရီနှင့် ဆွေးနွေးခိုက်၌ ထိုသို့မှတ်ချက်ပေးပြောကြား ခြင်းဖြစ်သည်။

ထို့ပြင် ယီမင်သမ္မတက ပြန်လည်တည်ဆောက်ရေး ပုံမှန်လုပ်ငန်းစဉ်များကို လုပ်နိုင်ရန်အတွက် အတိတ်က အကြောင်းအရာများ အားလုံးကို မေ့ပစ်ပြီး နိုင်ငံလုံခြုံ တည်ငြိမ်ရေး ပြန်ရဖို့ ဆောင်ရွက်ကြရန် အီရတ်ရှိ အဖွဲ့အစည်းများ အားလုံးကိုလည်း တိုက်တွန်း ခဲ့သည်။

အစောပိုင်း၌ ဇီဘာရီနှင့် တွေ့ဆုံခဲ့သော ယီမင်ဝန်ကြီးချုပ် အဗ္ဗဒူကာဒါဗာဂျမာလ်ကလည်း အီရတ်လူမျိုးများ၌ အခက်အခဲများ အားလုံးကို ကျော်လွှား အောင်မြင်အောင် လုပ်ကိုင်နိုင်သည့် အစွမ်းအစများရှိသည်ဟု မိမိယုံကြည်ကြောင်း၊ ထို့ပြင်၎င်းတို့၏ ပြည်တွင်းရေးကိစ္စများကို ၎င်းတို့ကိုယ်တိုင် ဖြေရှင်းနိုင်စွမ်း ရှိသည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ယီမင်ခေါင်းဆောင်များနှင့် ဆွေးနွေးစဉ် အီရတ်နိုင်ငံခြားရေးဝန်ကြီး ဇီဘာရီက အီရတ်နိုင်ငံ၌ နောက်ဆုံးဖြစ်ပေါ် ပြောင်းလဲသည့် အခြေအနေများကို အကျဉ်းချုံး ပြောဆိုကာ အီရတ်ပြန်လည် တည်ဆောက်ရေးနှင့် လုံခြုံရေး ထိန်းသိမ်းစောင့်ရှောက်မှုတွင် အကူအညီရရန် ရှာကြံခဲ့သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

စားနပ်ရိက္ခာဖူလုံရန် ခြံမွေးတိရစ္ဆာန်များအား သဘာဝမြက်များသာ အစာအဖြစ်ကျွေးသင့်

ဟူဟော့ စက်တင်ဘာ ၉

လူတို့စိုက်ပျိုးသော သီးနှံများကို ခြံမွေးတိရစ္ဆာန်များအား စားသုံးစေခြင်းထက် သဘာဝအလျောက် ပေါက်ရောက်နေသော မြက်ခင်းများအား ခြံမွေးတိရစ္ဆာန်များကို တရုတ်လယ်သမားတို့ ပိုမိုစားသုံးစေရန် တရုတ်ကျွမ်းကျင်သူတစ်ဦးက အကြံပြုတိုက်တွန်းထားသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် တရုတ်နိုင်ငံ၏ အစားအစာဖူလုံရေးကို ဖြေရှင်းရာတွင် အထောက်အကူပြုမည် ဖြစ်ကြောင်း ကျွမ်းကျင်ပညာရှင် ရင်ကျီကျို့က ပြောကြားသည်။

လူနေမှုအဆင့်အတန်း မြင့်မားမှုနှင့်အတူ တရုတ်နိုင်ငံ၏အစားအစာ လိုအပ်ချက်သည် အစဉ်အလာနမူနာ ပုံစံမှပြောင်းလဲလာခဲ့ကြောင်း၊ သီးနှံလိုအပ်ချက် လျော့လာခိုက်တွင် တိရစ္ဆာန်တို့၏ ထွက်ကုန်လိုအပ်ချက် တိုးလာကြောင်း ရင်ကျီကျို့က ပြောကြားသည်။

လွန်ခဲ့သည့်နှစ်များအတွင်း ကျေးလက်ဒေသများတွင် လူတစ်ဦးချင်း သီးနှံစားသုံးမှုသည် နှစ်စဉ်နှစ်တိုင်း ၂၃၃ ကီလိုရှိသော်လည်း မြို့ပြ ဒေသများ၌ သီးနှံစားသုံးမှုသည် ၁၉၇၈ ခုနှစ်က ၁၆၀ ကီလိုရှိရာမှ ၂၀၀၂ ခုနှစ်၌ ၇၈ကီလိုသို့ လျော့ကျခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

အီရတ်ရှိ နိုင်ငံခြားသား အလုပ်သမားများ စိုးရိမ်ကြောက်လန့်၍ အီရတ်မှထွက်ခွာကြရန် စဉ်းစားလာ

ဘဂ္ဂဒက် စက်တင်ဘာ ၁၀

နေ့ခင်းကြောင်တောင်တွင် ပြန်ပေးသမားများက ရုံးခန်းအတွင်း အတင်းဝင်ရောက်ကာ ထောက်ပံ့ကူညီရေး အမျိုးသမီးဝန်ထမ်းနှစ်ဦးကို ပြန်ပေးဆွဲသွားကြသဖြင့် ကြောက်ရွံ့ထိတ်လန့်မှုဖြစ်ခဲ့ကြသော ထောက်ပံ့ကူညီရေး နိုင်ငံခြားသား အလုပ်သမားများသည် အီရတ်မှ ထွက်ခွာရန် ကြံစည်စဉ်းစားလာခဲ့ကြသည်။

အီတလီအမျိုးသမီး ဆီမိုနာတော်ရက်တာနှင့် ဆီမိုနာပါရီတို့အပြင် အီရတ်လူမျိုးမီနက်ဇ်မူရက်ဒ်တို့အား ၇ ဂ်ါနေ့ မွန်းလွဲပိုင်း၌ ဘဂ္ဂဒက်ရှိ ၎င်းတို့၏ ရုံးခန်းမှနေ၍ ပြန်ပေးသမားတို့က ခေါ်ထုတ်သွားခဲ့ကြသည်။

ထို့ပြင်၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သော အင်တာဆော့စ် အီတလီ ကူညီထောက်ပံ့ရေး အေဂျင်စီမှ အီရတ်လူမျိုးအလုပ်သမားတစ်ဦးကိုလည်း ပြန်ပေးသမားတို့ကအတင်းဆွဲခေါ်သွားခဲ့သည်ဟု ဆိုသည်။ ယခုပြန်ပေးဆွဲသည့် အုပ်စုသည် မည်သည့်အဖွဲ့အစည်းဖြစ်သည်ကို ယခုထိမသိရသေးပေ။

ကတိပြု

အီတလီ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့အရေးပေါ် အစည်းအဝေးကျင်းပကာ ဓားစာခံကိစ္စကို တုံ့ပြန် ဆောင်ရွက်သွားရန် ကတိပြုခဲ့သည်။ အကြမ်းဖက်မှုကို ရင်ဆိုင်ရာတွင် ပေါင်းစည်းညီညွတ်သော အမျိုးသားရေးတုံ့ပြန် ဆောင်ရွက်မှု လိုအပ်သည်ဟု အစိုးရကနားလည်သဘောပေါက်ကြောင်း အစည်းအဝေးအပြီး၌ ဝန်ကြီးချုပ်ရုံးက ပြောကြားသည်။

အီရတ်၌ ယခုနောက်ဆုံး ပြန်ပေးဆွဲမှုသည် အီရတ်နိုင်ငံ၏ ဓားစာခံအရေးအခင်းတွင် အန္တရာယ်အရှိန်ကြီးမားမြင့်တက်လာခြင်းပင်ဖြစ်ကြောင်း သတိပေးထားသည်။ ထို့ပြင် အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက ဆိုးရွားသော အကျိုးဆက်များဖြစ်လာမည်ဟုလည်း ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။

တုန်လှုပ်

ဘဂ္ဂဒက် ကူညီထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေး အသိုင်းအဝိုင်းက ဗုဒ္ဓဟူးနေ့၌ သတင်းစာရှင်းပွဲပြုလုပ်ရာတွင် စစ်နှင့်ပိတ်ပင်အရေးယူခံရမှုကြောင့် ပျက်စီးခဲ့ရသော အီရတ်နိုင်ငံတွင် အီရတ်လူမျိုးတို့၏ အကျပ်အတည်းကို စေတနာအလျောက်တိုးတက်ကောင်းမွန်အောင်လာရောက်အကူအညီပေးသူများအား ပြန်ပေးဆွဲသည့်အတွက် အံ့သြတုန်လှုပ်ကြောင်း ပြောဆိုသည်။ **(အင်တာနက်)**

နာဆာ လွှတ်တင်ထားခဲ့သည့် အာကာသယာဉ် အမေရိကန်နိုင်ငံ ယူတားပြည်နယ်၌ ပျက်ကျ

ဟူစတန် စက်တင်ဘာ ၉

နေမှဖုန်မှုန့်များကို စုဆောင်းရန် ဂျီနီဆစ်အမည်ရှိ အာကာသယာဉ်ကို နာဆာမှ လွှတ်တင်ခဲ့ရာ မအောင်မြင်ဘဲ ကမ္ဘာမြေပြင်သို့ယမန်နေ့က ပြန်လည်ကျဆင်းလာကြောင်း သိရသည်။ ပေါင် ၄၅၀ လေးသောယင်းအာကာသယာဉ်သည် အမေရိကန်ပြည်ထောင်စုယူတား ပြည်နယ်ရှိ သဲကန္တာရ၌ ပျက်ကျခဲ့ပြီး လေထီးနှင့်ထိန်းချုပ်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်းသိရသည်။

ယင်းယာဉ်သည် အာကာသတွင်း သုံးနှစ်ကြာခရီးနှင်ပြီးနောက် ယခုလို ပျက်ကျ ခြင်းဖြစ်သည်။ တစ်နာရီမိုင်တစ်ရာနှုန်းနှင့် မြေပြင်ပေါ်သို့ ကျလာပြီး သဲကန္တာရထဲ၌ တွင်းနက်ကြီးအဖြစ် ထိုးဖောက်ရောက်ရှိခဲ့သည်။ ပျက်ကျလာသောယာဉ်ကို ဖြည်းညှင်းစွာ ဆင်းသက်နိုင်ရန် နာဆာတာဝန်ရှိသူများက ကြိုးစားခဲ့သည်။ တောင်တန်းပေါ်၌ကျခဲ့လျှင် အကြီးအကျယ်တိုက်ခိုက်မှုဖြစ်ပွား လိမ့်မည်ဟု သိရသည်။

ပျောက်ဆုံး

ထိုအာကာသယာဉ်အတွက် ဒေါ်လာ ၂၁၆ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ပြီး ကမ္ဘာမြေပြင်သို့ နေမှ ဖုန်မှုန့် ဆယ်ခုခန့် ယူဆောင်ခဲ့သော်လည်း အဖတ်မတင် ပျောက်ဆုံးကုန်ကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**

ဘဂ္ဂဒက်မြို့အနောက်ဘက်တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခုအား စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် စစ်ဆေးမှုများ ပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပိတ်ပင်မှုများကြောင့် ကျေနပ်စရာဖြစ်ကောင်းဖြစ်မည် သို့သော် အမှန်တကယ်စင်စစ် ကောင်းကျိုးမဖြစ်ပါ

(၂၀၀၄ ခုနှစ် ဇွန်လ ၂၂ ရက်နေ့ ထုတ် **International Herald Tribune** သတင်းစာပါ **David I Steinberg**၏ **Sanctions may be satisfying, but they do no good** ဆောင်းပါးမှ ကောက်နုတ်၍ မြန်မာဘာသာသို့ ပြန်ဆိုဖော်ပြခြင်း ဖြစ်ပါသည်။)

မြန်မာနိုင်ငံ တပ်မတော်ခေါင်းဆောင်များက အတိုက်အခံပါတီမပါဝင်ဘဲ အမျိုးသားညီလာခံတစ်ရပ်ကို လွန်ခဲ့သည့်လက ကျင်းပလိုက်သောအခါ တိုးတက်မှု အခွင့်အရေး တစ်ရပ်ကို လက်လွတ်ဆုံးရှုံးရသည်ဟု ဆိုကြသည်။

ထို့အတူ ဒီမိုကရေစီလိုလားသူတို့အား ချုပ်ချယ်သည်ဆိုကာ မြန်မာနိုင်ငံ အပေါ်နိုင်ငံရေးနှင့် စီးပွားရေးပိတ်ပင်မှုကို အမေရိကန်သမ္မတဘုရှ်က နောက်ထပ် တစ်နှစ် တိုးလိုက်သောအခါ သမ္မတဘုရှ်အနေဖြင့်လည်း မြန်မာနိုင်ငံ၌ ဩဇာညောင်းနိုင်မည့် အခွင့်အရေးတစ်ရပ် လက်လွတ်ဆုံးရှုံးသွားပြန်သည်။ မြန်မာနိုင်ငံအား အထီးကျန်အောင် လုပ်ဆောင်ခြင်းအားဖြင့် အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံအတွင်း၌ လူသားချင်း စာနာထောက်ထားရေး ကိစ္စများကို လျစ်လျူရှုလိုက်ခြင်းသည် မြန်မာနိုင်ငံအား တရုတ်ပြည်နှင့် ပိုမိုရင်းနှီးသွားအောင် တွန်းပို့လိုက်ခြင်းပင် ဖြစ်သည်။

ပေးလာသည်။ ဂျပန်ကလည်း အကူအညီပေးနိုင်ရန်အရေးကို စိတ်စောလျက်ရှိသည်။ အာဆီယံကလည်း ဤအချက်များကို ထည့်တွက်ပြီး ၁၉၉၇ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံအား အဖွဲ့ဝင်အဖြစ် လက်ခံခဲ့သည်။

အမေရိကန်ပြည်ထောင်စုကမူ ထိုသို့မဟုတ်ချေ။ ၁၉၈၈ခုနှစ် တပ်မတော် အစိုးရတာဝန်ယူပြီးလျှင်ပြီးချင်း မြန်မာနိုင်ငံအား စစ်ရေးနှင့်စီးပွားရေး အကူအညီများ ဖြတ်တောက်ပစ်လိုက်သည်။ ထိုအချိန်ကတည်းကပင် အာဏာပြန်လွှဲပေးရန် အမေရိကန်က တောင်းဆိုခဲ့သည့် အပြင် ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်များကို အသိအမှတ်ပြုရန် ဖိအားပေးခဲ့သည်။

၁၉၉၇ခုနှစ်တွင် မြန်မာနိုင်ငံ၌ အမေရိကန် ရင်းနှီးမြှုပ်နှံမှုအားလုံးကို ပိတ်ပင်သည့် ဥပဒေတစ်ရပ်ကို အမေရိကန်ကွန်ဂရက်က အတည်ပြုခဲ့သည်။ ယမန်နှစ်တွင် အမေရိကန်ကွန်ဂရက်က မြန်မာနိုင်ငံမှ သွင်းကုန်အားလုံးကို



International Herald Tribune
Tuesday, June 22, 2004

How to influence Myanmar • By David I. Steinberg

Sanctions may be satisfying, but they do no good

WASHINGTON

When the military leaders of Myanmar, formerly Burma, convened a constitutional convention last month without the country's main opposition party, they lost an opportunity for progress. Although the ruling junta called the convention the first step on a "road to democracy," their refusal to release democracy leader Aung San Suu Kyi led her party to boycott the convention.

assistance. It has helped with the construction of roads, railroads, airfields, ports, and dams throughout the country. Chinese investment is probably the largest of any foreign country.

India has worried more than any regional power about the China-Myanmar connection. A Burmese state dominated by China would place India at a distinct disadvantage: China to the north, China's ally Pakistan on the western flank, and a Chinese-influenced Myanmar to the east. Yet rather than seeking

ပိုမိုကျယ်ပြန့်စွာ ဆက်စပ်စဉ်းစားကြည့်လျှင် မြန်မာနိုင်ငံသည် အာရှတိုက်မှ ဒေသတွင်းအင်အားကြီး နှစ်နိုင်ငံဖြစ်သော တရုတ်ပြည်နှင့် အိန္ဒိယနိုင်ငံတို့ကို တစ်ဖက်စီထားလျက် တည်ရှိနေရသောနိုင်ငံဖြစ်သည်။ ထို့ပြင် အိန္ဒိယနှင့် ကျန်သော အရှေ့တောင်အာရှနိုင်ငံများကို ဆက်စပ်ပေါင်းကူးပေးနိုင်သည့် နိုင်ငံလည်းဖြစ်သည်။ မြန်မာနိုင်ငံသည် တရုတ်ပြည်အား ဘင်္ဂလားပင်လယ်အော်သို့ ထွက်ပေါက်ပေးနိုင်ပြီး ကမ္ဘာပေါ်တွင် အရေးကြီးဆုံး ရေကြောင်းလမ်းဖြစ်သည့် မလက္ကာရေလက်ကြားသို့ပါ ထွက်ပေါက်ပေးနိုင်သည့် အလားအလာရှိသော နိုင်ငံဖြစ်သည်။

ထို့ကြောင့် အမေရိကန်ပြည်ထောင်စုအနေဖြင့် ဤဒေသအတွင်း တရုတ်ပြည်၏ ဩဇာသက်ရောက်မှုကို ချိန်ညှိသွားရန် မျှော်မှန်းလျှင် ၎င်း၏ မြန်မာနိုင်ငံအပေါ်ထားရှိသော မူဝါဒများကို ပြန်လည်စဉ်းစားသင့်ပြီဖြစ်သည်။

တရုတ်ပြည်အနေဖြင့် အရှေ့တောင်အာရှတွင် အထိရောက်ဆုံး သံတမန်ရေးနှင့် စီးပွားရေးပဏာမခြေလှမ်းကို လှမ်းထားပြီးဖြစ်သည်။ မြန်မာ့တပ်မတော်သည် အရှေ့တောင်အာရှတွင် ဗီယက်နမ်ပြီးလျှင် ဒုတိယအကြီးဆုံး တပ်မတော်ဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် တရုတ်ပြည်က မြန်မာနိုင်ငံအား စီးပွားရေးအကူအညီ ဒေါ်လာသန်း ၂၀၀ ပေးထားသည်။ ထို့အပြင် မြန်မာနိုင်ငံတစ်ဝန်းတွင် လမ်းများ၊ ရထားလမ်းများ၊ လေဆိပ်၊ ဆိပ်ကမ်းများ၊ ဆည်မြောင်းတာတမံများ တည်ဆောက်ရာတွင် တရုတ်ပြည်က အကူအညီများစွာ ပေးထားသည်။ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများအနက် တရုတ်ပြည်၏ ရင်းနှီးမြှုပ်နှံမှုမှာ အများဆုံးဖြစ်နိုင်သည်။

တရုတ်–မြန်မာဆက်ဆံရေးနှင့်ပတ်သက်၍ အခြား မည်သည့်ဒေသဆိုင်ရာ အင်အားကြီးနိုင်ငံထက်မဆို အိန္ဒိယနိုင်ငံက ပိုစိတ်ဝင်စားဖွယ်ရှိနိုင်သည်။ မြန်မာ–တရုတ် ချစ်ကြည်ရင်းနှီးမှုသည် အိန္ဒိယနိုင်ငံအတွက် ထည့်တွက်စရာ အချက်တစ်ခုဖြစ်နေသည်။ အိန္ဒိယနိုင်ငံ၏ မြောက်ဘက်တွင် တရုတ်ပြည်၊ အနောက်ဘက်တွင် တရုတ်၏မဟာမိတ် ပါကစ္စတန်၊ အရှေ့ဘက်တွင် တရုတ်ပြည်နှင့် ချစ်ကြည်ရင်းနှီးသည့် မြန်မာနိုင်ငံတို့ ဝိုင်းရံတည်ရှိနေသည်။ ဤအချက်များကို ချိန်ညှိရန်အတွက် အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံအား အထီးကျန်ဖြစ်အောင်မလုပ်ဘဲ စီးပွားရေးနှင့် မဟာဗျူဟာမြောက် ထောက်ပံ့မှုများသည် မြန်မာနိုင်ငံအပေါ် လူသားချင်း စာနာထောက်ထားရေး ကိစ္စများကိုမှု လျစ်လျူရှုကာ ပစ်ပယ်ထားသည်။

မြန်မာနိုင်ငံဘက်က မည်သို့သော ပြုပြင်ပြောင်းလဲစေနိုင်မည့် အလားအလာများ လုပ်ဆောင်နေပါသလဲ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲမည်ဟူသော ရည်မှန်းချက်ဖြင့် မေလ ၁၇ရက်တွင် အမျိုးသားညီလာခံကို စတင် ကျင်းပသည်။ နိုင်ငံရေးပါတီအားလုံးနှင့်တကွ အစိုးရနှင့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့အစည်း အားလုံးကို ညီလာခံတက်ရောက်ရန်

တားမြစ်လိုက်သည့်အပြင် နိုင်ငံရပ်ခြားရှိ မြန်မာတို့၏ ပိုင်ဆိုင်မှုအစုစုကိုလည်း ထုတ်မပေးဘဲထားရန် အမိန့်တစ်ရပ်ကို သမ္မတဘုရှ်က ထုတ်ပြန်လိုက်သည်။ မကြာမီက သမ္မတဘုရှ် ထုတ်ပြန်လိုက်သည့် ကြေညာချက်မှာလည်း ယင်းမူဝါဒကို တိုးချဲ့သတ်မှတ်လိုက်ခြင်းသာ ဖြစ်သည်။

မြန်မာနိုင်ငံအား ဝိုင်းပယ်ရေးမူဝါဒချမှတ်ရာတွင် အမေရိကန်လောက် မည်သည့်နိုင်ငံကမျှ တင်းကျပ်ခြင်း မရှိပေ။ အမေရိကန်၏ ယင်းရပ်တည်ချက်

ဖိတ်ကြားခဲ့သည်။ သို့ရာတွင် အင်န်အယ်လ်ဒီက ညီလာခံ တက်ရောက်ရန် ငြင်းဆိုခဲ့သဖြင့် အမျိုးသားညီလာခံကို နိုင်ငံတကာက တရားဝင် အသိအမှတ် မပြုနိုင်ဘဲ ဖြစ်ခဲ့ရသည်။

၂၀၀၆ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံထိပ်သီး အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည် ဖြစ်သည်။ ၂၀၀၆ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် တစ်ရပ်ရှိရန် လိုအပ်သည်ကို မြန်မာခေါင်းဆောင်များက နားလည်သဘောပေါက်ကြသည်။

ဤသို့သော အခြေအနေတွင် မြန်မာနိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုများကို အားပေးမြှင့်တင်ရမည့်အစား အမေရိကန်က ပိတ်ပင်အကျပ်ကိုင်ရေး မူဝါဒကိုသာ တစ်ဖက်သတ်ကျင့်သုံးနေသောကြောင့် ပြည်ပဖိအားပေးမှုကို ရင်ဆိုင်တွန်းလှန်မည်ဟူသော မြန်မာအစိုးရ၏ ဆုံးဖြတ်ချက်ကိုသာ ပိုမိုခိုင်မာစေပြီး မြန်မာနိုင်ငံအား တရုတ်ပြည်နှင့် ပိုမိုနီးစပ်အောင် တွန်းပို့ပေးသကဲ့သို့ ရှိပေလိမ့်မည်။

အမေရိကန်အနေဖြင့် ယင်း၏ မူဝါဒကို ပြန်လည် စဉ်းစားသုံးသပ်ပြီး ပြောင်းလဲကျင့်သုံးရန် လိုအပ်နေပြီ ဖြစ်သည်။ အမေရိကန်နှင့်မြန်မာတာဝန်ရှိသူများအနေဖြင့် အချို့သော ကိစ္စရပ်များအပေါ် ထားရှိရမည့်စံချိန်စံညွှန်း ညှိနှိုင်းသဘောတူမှုများနှင့်အတူ အလွတ်သဘောတွေ့ဆုံ ဆွေးနွေးခြင်းကသာ မြန်မာအစိုးရအား သဘောထား ပြောင်းလဲသွားစေနိုင်မည်ဖြစ်သည်။

အမေရိကန်အနေဖြင့် ယင်း၏ မူဝါဒကို ပြန်လည် စဉ်းစားသုံးသပ်ပြီး ပြောင်းလဲကျင့်သုံးရန် လိုအပ်နေပြီ ဖြစ်သည်။ အမေရိကန်နှင့်မြန်မာတာဝန်ရှိသူများအနေဖြင့် အချို့သော ကိစ္စရပ်များအပေါ် ထားရှိရမည့်စံချိန်စံညွှန်း ညှိနှိုင်းသဘောတူမှုများနှင့်အတူ အလွတ်သဘောတွေ့ဆုံ ဆွေးနွေးခြင်းကသာ မြန်မာအစိုးရအား သဘောထား ပြောင်းလဲသွားစေနိုင်မည်ဖြစ်သည်။ သို့မှသာ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်တို့ကို မြန်မာ့လူ့ဘောင်တွင် ပြန်လည်ဝင်ဆံ့စေသည့် အကျိုးကျေးဇူးများ ရရှိခံစားခွင့်ပြုလာနိုင်မည် ဖြစ်ပေသည်။ ။

ဒေးဗစ်အိုင်စတိုင်းဘတ်၏ ကိုယ်ရေး အတ္ထုပ္ပတ္တိအကျဉ်း

ဒေးဗစ်အိုင်စတိုင်းဘတ်သည် အမေရိကန်ပြည်ထောင်စု ဂျော့ချ်တောင်းတက္ကသိုလ် အာရှရေးရာ လေ့လာရေးဌာနမှ ညွှန်ကြားရေးမှူးဖြစ်ပြီး ထင်ရှားသော ပါမောက္ခတစ်ဦးလည်း ဖြစ်သည်။

သူသည် ယခင်က ကိုရီးယားသမ္မတနိုင်ငံတွင် အာရှဖောင်ဒေးရှင်း ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ဂျော့ချ်တောင်းတက္ကသိုလ်၏ ကိုရီးယားလေ့လာမှုတွင် ပါမောက္ခအဖြစ်လည်းကောင်း၊ မန်းစ်ဖီးစင်တာ ပစိဖိတ်ရေးရာဌာန ဥက္ကဋ္ဌအဖြစ်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ခဲ့သူ ဖြစ်သည်။

စောစောပိုင်းကလည်း အမေရိကန်နိုင်ငံခြားရေးဌာန နိုင်ငံတကာ ဖွံ့ဖြိုးရေး အေဂျင်စီ(အေအိုင်ဒီ)၏ အဆင့်မြင့် နိုင်ငံခြားရေးရာ အဖွဲ့ဝင်တစ်ဦးအဖြစ်လည်းကောင်း၊ အာရှနှင့် အရှေ့အလယ်ပိုင်း နည်းပညာ အကူအညီပေးရေး ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ဖိလစ်ပိုင်၊ ထိုင်းနှင့်မြန်မာရေးရာညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ထိုင်းနိုင်ငံ ယူအက်စ်အေအိုင်ဒီ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးရုံးတွင် သုံးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။

ပါမောက္ခ စတိုင်းဘတ်သည် ဒတ်မောက်ကောလိပ်၊ လင်နန်တက္ကသိုလ် (တရုတ်ပြည်၊ကန်တုံ) ၊ဟားဗတ် တက္ကသိုလ်၊ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကရေးရာ လေ့လာရေးဌာနတို့တွင် တက်ရောက် ပညာသင်ယူခဲ့သည်။

၎င်းသည် စာအုပ် ၁၂ အုပ်ကို ရေးသားခဲ့သည့်အပြင် Stone Mirror, Reflections on Contemporary Korea(2003), Burma: The State of Myanmar(2001), The Republic of Korea. Economic Transformation and Social Change(1989), အပါအဝင် သီးခြား ဘာသာရပ်ဆိုင်ရာ စာတမ်းအများအပြားကို ရေးသားခဲ့သည်။

ထို့ပြင် Anti-American Sentiment on Korea (2004)တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ သူသည် ဆောင်းပါးပေါင်း ၈၀ကျော် ရေးသားခဲ့သည့်အပြင် International Press နှင့် The Korean Times တို့၏ ပင်တိုင်ဆောင်းပါးရှင် တစ်ဦးဖြစ်ပါသည်။

ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၁၀) ထုတ်ဝေဖြန့်ချိ



ရန်ကုန် စက်တင်ဘာ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ် ပညာရေးရာဌာနကထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၁၀)ကို ထုတ်ဝေဖြန့်ချိထားသည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် အမျိုးသား ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှု ကြည့်ရှုအားပေးသည့်သတင်း၊ ကေတုနီလာ၊ တက္ကသိုလ်မြတ်သူ၊ ကျော်ဇင်ညွန့် (တရားရုံးချုပ်ရှေ့နေ)၊ ကြည်လင်း (ဆေး)၊ ညွန့်ဟံ(ကြူတော)၊ တက္ကသိုလ်သခ်၊ ဒါရိုက်တာနေလ၊ မောင်ပညာကျော်၊ သော့ချက်(ချင်းပြည်နယ်)၊ မောင်မီဒီယာ၊ တောင်ဇလပ်သူတို့၏ မှတ်ဖွယ်မှတ်ရာ ဆောင်းပါးများ၊ ပုဂံမွေးကြည်၊ ရွှေညာမောင်ကြီး(မြစ်ငယ်)တို့၏ ကဗျာများ၊ ပြည်နယ်၊ တိုင်း၊ခရိုင်၊မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဒေသ ဖွံ့ဖြိုးရေးအကောင်အထည်ဖော်မှုသတင်းများ၊ နိုင်ငံတကာ ဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။

(က-ပ)

ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်ဒိုနီးရှားဒုတိယသမ္မတထံ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁၀

၂၀၀၄ခုနှစ် စက်တင်ဘာ ၉ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ရပ်ကြောင့် အပြစ်ကင်းမဲ့သူများ အသက်ဆုံးရှုံးခဲ့ရခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများတို့အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဟမ်ဇာဟဇ်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အင်ဒိုနီးရှားသမ္မတထံ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁၀

၂၀၀၄ခုနှစ် စက်တင်ဘာ ၉ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ရပ်ကြောင့် အပြစ်ကင်းမဲ့သူများ အသက်ဆုံးရှုံးခဲ့ရခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများတို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မဒမ်မယ်ဂါဝတီဆိုကာနိုပူထရီထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဝါတွင်းတရားပွဲ

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် စံပြရပ်ကွက် ၅ လမ်း မဟာစည်မေတ္တာအေးသာသနာ့ရိပ်သာ ပဓာနနာယက မဟာစည်နယ်လှည့်ဓမ္မကထိကဓမ္မာစရိယ ဘဒ္ဒန္တသုဇာတ မထေရ်မြတ်က သုံးခွမြို့နယ် လက်ပန်ကျေးရွာ အသောကာရုံကျောင်းတိုက်၌ စက်တင်ဘာ ၂၀ ရက်မှ၂၉ ရက်အထိ၊ အောက်တိုဘာ ၆ ရက်နံနက် ၉ နာရီတွင် သင်္ဃန်းကျွန်း ငမိုးရိပ်ရပ်ကွက်သဗ္ဗသိဒ္ဓိဓမ္မာရုံ၊ မွန်းလွဲ ၂နာရီတွင် တောင်ဥက္ကလာပ(၆)ရပ်ကွက် သာသနာ့ရောင်ခြည်ဓမ္မာရုံ၊ ည၇နာရီတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) (၁၃) ရပ်ကွက် အင်းစိန်ရွာမတိုက်ခွဲ ရတနာမြိုင် ရိပ်သာဓမ္မာရုံ၊ အောက်တိုဘာ ၁၂ ရက်၊ ၁၃ ရက်မွန်းလွဲ ၂ နာရီတွင် ဖျာပုံမြို့ မဟာစည်သာသနာ့ရိပ်သာ ဓမ္မာရုံ၊ည ၇နာရီတွင် ဖျာပုံမြို့ ထန်းပင်ကျောင်းပရိယတ္တိစာသင်တိုက်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြသမည်။ **(က-ပ)**

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် သစ်အရောင်းဆိုင်များကွင်းဆင်းစစ်ဆေး အမှန်အသုံးပြုမည့်ပြည်သူများအား လွတ်လပ်စွာရောင်းချပေးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအေးမြင့်မောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နေ့လယ်ပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) စက်မှုဇုန်အမှတ်(၁) ရှိ Sanfoco Wood Industries Ltd. ၏ သစ်အချောထည်စက်ရုံသို့ ရောက်ရှိသည်။ စက်ရုံဧည့်ခန်းမတွင် စက်ရုံမှူး ဦးထွန်းထွန်းက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် လင်းဝင်းကုမ္ပဏီလီမိတက်၏ သစ်အချောထည်စက်ရုံ အမှတ်(၁)သို့ ရောက်ရှိရာ စက်ရုံဧည့်ခန်းမတွင် တာဝန်ခံ ဒေါ်ကြေးမုံလင်းဝင်းက စက်ရုံ၏ လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း သစ်လုံးမှ ပြည်ပပို့ရန် ခွဲသားများ ခွဲစိတ်မှု၊ ဥယျာဉ်သုံး ပရိဘောဂများ ထုတ်လုပ်မှု၊ တပ်ဆင်နေမှုနှင့် ပြည်ပပို့ရန် ထုပ်ပိုးနေသည့် အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါစက်ရုံမှ ပရိဘောဂများအား ထိုင်းနိုင်ငံနှင့်ဥရောပနိုင်ငံများသို့တင်ပို့လျက် ရှိသည်။

ဈေးကွက်တင်ပို့

ထို့နောက် အောင်စိန်လင်းကုမ္ပဏီလီမိတက် သစ်အခြေခံ စက်မှုအလုပ်ရုံသို့ ရောက်ရှိလာရာ ဝန်ကြီးအား စက်ရုံဧည့်ခန်းမတွင် တာဝန်ခံ ဦးဇော်ဝင်းက စက်ရုံလုပ်ငန်းအခြေအနေကို ရှင်းလင်းတင်ပြသည်။ အဆိုပါ စက်ရုံမှထွက်ရှိသော သစ်အချောထည်ပစ္စည်းများကို ထိုင်းနိုင်ငံဈေးကွက်သို့ တင်ပို့လျက်ရှိသည်။

ဝန်ကြီးသည် သစ်အချောထည်စက်ရုံများအား လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် သစ်အချောထည် လုပ်ငန်းနည်းပညာပိုမိုရရှိရေး၊ အခြားဥရောပဈေးကွက်သို့ ထိုးဖောက်တင်သွင်းရောင်းချရေး၊ ဈေးကွက်တွင် End User ရရှိရေး၊ တန်ဖိုးနည်းသစ်များမှ တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်ရေးအတွက် နည်းပညာ ရရှိရေးတို့နှင့်စပ်လျဉ်း၍ မှာကြားခဲ့ပြီး တင်ပြချက်များအား လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ သစ်အရောင်းဆိုင်သို့ရောက်ရှိပြီး သစ်ရောင်းချပေးမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်တိုင်းအတွင်း မြို့နယ် ၁၈ မြို့နယ်၌ သစ်အရောင်းဆိုင်များ ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ အဆိုပါ သစ်ဆိုင်များတွင် ဝယ်ယူလိုသော ပြည်သူများအနေဖြင့် မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ မိမိအသုံးပြုလိုသော အကြောင်းအရာများဖြင့် စာရင်းပေးသွင်းကာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး အမှန်အသုံးပြုမည့် ပြည်သူများအား စိစစ်၍ လွတ်လပ်စွာ ရောင်းချပေးလျက်ရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင် ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁၀

၂၀၀၄ခုနှစ် စက်တင်ဘာ ၉ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ဗုံးပေါက်ကွဲမှုဖြစ်ရပ်ကြောင့် အပြစ်ကင်းမဲ့သူများ အသက်ဆုံးရှုံးခဲ့ရခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများတို့အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်ထံမှအင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာ အင်န် ဟာဆန် ဝီရာဂျူဒထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်၏ဇနီးနှင့်အဖွဲ့ မြန်မာ့ကျောက်မျက်ရတနာပြတိုက်ကြည့်ရှုလေ့လာ

ရန်ကုန် စက်တင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand၏ ဇနီး Madame Khunying Suppanapa Attanand သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ဟန်၏ ဇနီး ဒေါ်ယဉ်ယဉ်နွယ်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးကြီး ကိုကိုမောင်၏ ဇနီး ဒေါ်ခင်ဝင်းကျော်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး Colonel Kasam Nakpun ၏ဇနီး Mrs. Venus Nakpunနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြရာ မြန်မာ့ကျောက်မျက်ရတနာပြတိုက်တာဝန်ခံ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းလက်ထောက် ညွှန်ကြားရေးမှူး ဦးသစ်လွင်နှင့် တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်၏ဇနီးနှင့်အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်ရှိ ပြခန်းများကို ကြည့်ရှုလေ့လာကြရာ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း အကြံပေးပုဂ္ဂိုလ် ဦးအုန်းမြင့်နှင့် ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမျိုးနိုင်တို့က လိုက်လံ ရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ပြည်ထောင်စုစိတ်ဓာတ်များ ဝေဝါးမှုန်မှိုင်း မုန်တိုင်းအခတ်ခံခဲ့ရ၏။

ယင်းသို့သော လကွယ်ညသန်းခေါင်ဝယ် တောတောင်မှာ တိမ်ထူညကာလမျိုး၌ ယနေ့တပ်မတော်အစိုးရ တက်ရောက်လာရပြီး တပ်မတော်စွမ်းအားဖြင့် ကာလကိုရွှေ့ပစ် အရုဏ်သစ်ထွန်းစေ တက်နေရောင်လင်းစမ်း ကြိုးပမ်းအားထုတ်နိုင်ခဲ့ခြင်းကြောင့် နယ်စပ်ဒေသများအထိ ငြိမ်းချမ်းရေးရောင်ခြည်သစ် တည်ဖြစ်ဖြန့်ကြက်နိုင်ပြီးသော် လွိုင်လင်ခရိုင်သည်လည်း တည်ငြိမ်အေးချမ်းလာခဲ့ကာ ယနေ့သော်လမ်းပန်းဆက်သွယ်ရေး၊ ကြေးနန်းဆက်သွယ်ရေး၊ ပညာရေး၊ကျန်းမာရေး၊ စိုက်ပျိုးရေး စသည့် ဘက်စုံ ထောင့်စုံ ကဏ္ဍစုံ အဟုန်မြင့်မိုး ဖွံ့ဖြိုးတိုးတက်လာနေလေပြီ။

သည်တွင် လွိုင်လင်ခရိုင်သားတို့၏ သုတအတွက် တိုးတက်ဖြစ်ထွန်းလာမှု၊ ယခင်ကတစ်ခရိုင်လုံးစာကြည့်တိုက် သုံးတိုက်သာတည်ရှိရာမှ ယနေ့နိုင်ငံတော် အစိုးရလက်ထက်တိုးတက်ဖြစ်ထွန်းလာမှုတို့ကို ရက်စွဲနှင့်တကွ ရှုပါ။

၁။ လဲချားမြို့နယ် ၁-၅-၉၁
၂။ နမ့်စန်မြို့နယ် ၂၁-၁၂-၉၁
၃။ မိုင်းပန်မြို့နယ် ၁-၃-၉၂
၄။ လင်းခေးမြို့နယ် ၁-၅-၉၂
၅။ ကွန်ဟိန်းမြို့နယ် ၂၂-၁၀-၉၂
၆။ မိုင်းရှူးမြို့နယ် ၂၇-၁၀-၉၂
၇။ မောက်မယ်မြို့နယ် ၆-၇-၉၄
၈။ မိုင်းကိုင်မြို့နယ် ၁၄-၁၀-၉၇
၉။ ဟိုမိန်းမြို့ ၁-၅-၀၂
၁၀။ ပင်လုံမြို့ ၁-၁၀-၀၂
၁၁။ ကျိုင်းတောင်းမြို့ ၁-၁၀-၀၂

ယင်းသို့ နိုင်ငံတော်အပိုင်းနှင့် ဝန်ကြီးဌာနအပိုင်းတို့က လွိုင်လင်ခရိုင်သားတို့၏ သုတပညာအတွက် ပြန်ကြားရေးစာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့သလို ဒေသအာဏာပိုင် ဖြစ်ပါသော ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ခင်မောင်မြင့်ကိုယ်တိုင်ကလည်း သုတပုလဲသွယ်တို့ တစ်သွယ်ပြီးတစ်သွယ် ထွန်းပြူလာစေရန် ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များ ကျေးရွာတိုင်းမှာ တည်ထောင် နိုင်ဖို့ အားပေးပံ့ကူလျက်ရှိ၏။

ကုန်လွန်ခဲ့ပြီးသော(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မောက်မယ်မြို့နယ် ဟိုနမ့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ချီးမြှင့်ပေးခဲ့၏။ ထို့ပြင် စာအုပ်စာပေ ၅၀၀ ကိုလည်း လှူဒါန်းပေးခဲ့၏။ လွိုင်လင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးသောင်းဝင်း၊ မောက်မယ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးဝင်းမောင်တို့ကလည်း စာကြည့်တိုက်ဖွင့်ပွဲဝယ် စာအုပ်စာပေများ လှူဒါန်းခဲ့ကြပါကုန်၏။ သည်သို့ဖြင့် ယနေ့ အချိန်ဝယ် လွိုင်လင်ခရိုင်အတွင်း၌ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ပေါင်း ၂၆ခုတိတိ ဖွင့်လှစ်နိုင်ပြီး ဖြစ်ပါပြီ။

စာတတ်သူ စာဖတ်နိုင်ဖို့ စာအုပ်စာပေ များများလို၏။ စာဖတ်ချင်စိတ်လည်း များများလို၏။ စာအုပ်စာပေ ပေါပေါများများ စာဖတ်ချင်စိတ်နိုးနိုးကြားကြားဖြင့် ဘဝပင်လယ်ထဲမှာ သုတပုလဲရတနာဖွေရှာကြရမည်။ သို့ဖြင့် သုတ ပုလဲသွယ်တို့ကြောင့် ဘဝပင်လယ်သည် တင့်တယ်လှပ ထာဝရ ရှုပကြန်အင် ဝင့်နေမည်သာ ဖြစ်ပါသတည်း။ ။

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့

World First Aid Day

ရှေးဦးပြုစု လူမှုကရုဏာ အပေါင်းလက္ခဏာ

First Aid: a gesture of humanity
which makes the difference

စက်တင်ဘာလ (၁၁) ရက်

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်း ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့်ဇနီး ဦးဆောင်သည့်ချစ်ကြည်ရေးအဖွဲ့အား ဂုဏ်ပြုညစာတည်ခင်းဧည့်ခံ

ရန်ကုန် စက်တင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanandနှင့်ဇနီး Madame Khunying Suppanapa Attanand တို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း နှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ် ကျော်ဝင်း၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ စစ်သံမှူး Colonel Kasam Nakpun နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanandနှင့် ဇနီး Madame Khunying Suppanapa Attanand တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲတွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ် အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြပြီး ညစာသုံးဆောင်အပြီးတွင် သဘင် ဆောင်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကတို့ဖြင့် ဧည့်ခံဖျော်ဖြေသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် ဇနီးတို့က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ကာ အမှတ်တရမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanandနှင့် ဇနီး Madame Khunying Suppanapa Attanand တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး နှစ်ပတ်လည်ဘက်စုံဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်နှစ်ပတ်လည် ဘက်စုံဆုချီးမြှင့်ပွဲအခမ်းအနားနှင့် ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ပွဲ အခမ်း အနားကို ယနေ့ည ၇နာရီက မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ် ရေးရုံးချုပ် အပေါ်ဆုံးထပ်ရှိညီလာခံ ခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှ အောင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ဆက်လက်၍ဆုချီးမြှင့် ပွဲအခမ်းအနားနှင့်ဂုဏ်ပြုလက်ဆောင် ချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် အောင်ထွန်းနှင့်မြန်မာ့လယ်ယာထွက် ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင် ညွှန်ကြားရေးမှူး ဦးမင်းလှအောင်တို့ ကဆုရရှိသူများအားဆုငွေနှင့်ဂုဏ်ပြု လက်ဆောင်များပေးအပ်ချီးမြှင့်သည်။

ဖျော်ဖြေ

ယင်းနောက် တက်ရောက် လာကြသူ များအားအဆိုတော်များက တေးသံသာများဖြင့် ဖျော်ဖြေပြီး ညစာဖြင့် တည်ခင်းဧည့်ခံသည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် **General Somdhat Attanand** တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

✡ *ကျောဖုံးမှ*

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ဒုတိယတပ်မတော်ထောက်လှမ်းသည့် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်သည် နံနက် ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ကြိုဆို

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိလာသည့် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand ဇနီးနှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုစဉ်။

(သတင်းစဉ်)

ရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ စစ်သံမှူး Colonel Kasam Nakpun နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanandနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာ မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းခံယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခံ ခန်းမဆောင် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။



ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် အမှတ်(၁)တပ်မတော်ဧည့်ဂေဟာသို့ ဆက်လက်ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



✻ *ကျောဖုံးမှ*

တွေ့ဆုံပွဲတက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းတို့တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်General Somdhat Attanandနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Suphot Dhirakaosal နှင့် စစ်သံမှူး Colonel Kasam Nakpun တို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသိဒ္ဓိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် ချစ်ကြည်ရေးခရီးရောက်ရှိ

ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိလာသည့် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဒဂုံမြို့နယ်အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲတက်ရောက်အားပေးချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးညွန့်နှင့် ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ဘင်ခရာအဖွဲ့နှင့် တွဲဖက်၍ မြန်မာ့ကျောင်းသီချင်းကို သီဆို၍လည်းကောင်း၊ ဂုဏ်ပြုသရုပ်ပြ၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကျောင်းသူလေးများဖြစ်ကြသည့် မလုလုမြင့်ဌေးနှင့် မဟန်သွယ်ဖြိုးတို့က အခမ်းအနားအစီအစဉ်များကို ဖတ်ကြားတင်ပြပြီး အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက်ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကျော်ဝင်းတို့က ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များသည် ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖြစ်သည့် Computer Application Room, Language Lab(1), Language Lab(2) (Audio System)၊ ရသခန်း(ပန်းချီ)၊ Computer Aided Instruction Room၊ Electronic Media (Audio System)၊ Printed Media (Reading Corner)၊ Electronic Media (Video System)နှင့် အိမ်တွင်းမှုသိပ္ပံခန်းတို့၌ ဆရာ ဆရာမများ၏ သင်ကြားပို့ချနေမှုနှင့် ကျောင်းသား ကျောင်းသူလေးများ၏ သင်ယူလေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား အစီအစဉ်ကို အဆိုပါကျောင်း မြို့မခန်းမ၌ ဆက်လက် ကျင်းပရာ ကျောင်းသူလေးများ ဖြစ်ကြသည့် မနန့်စိုးစန္ဒာဝင်းနှင့် မဟန်နီထွန်းတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ကျောင်းသား ကျောင်းသူလေးများက ‘Come and See Myanmar’ သီချင်း၊ ကျောင်းသူ မနှင်းသီဂီဦးက ‘ရွှေနှင်းဆီအလှ ခေတ်သုံးခေတ်အက’နှင့် ကျောင်းသား ကျောင်းသူလေးများက ‘ပြည်ထောင်စုအားမာန် လေ့ကဟန်’ အကတို့ဖြင့်ဖျော်ဖြေတင်ဆက်ကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာသာဟိန်က ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ အဆင့်မြှင့် ဖွဲ့စည်းထားရှိမှုကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသာထွန်းက မာတီမီဒီယာ အီလက်ထရွန်နစ်ပစ္စည်းများတိုးချဲ့တပ်ဆင်နိုင်ရေးအတွက်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေပေးအပ်ခြင်းအစီအစဉ်ကို ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းသုံး ပစ္စည်းများအတွက် အလှူငွေများကို ကျောင်းအုပ် ဆရာမကြီး ဒေါ်မာသာဟိန်အား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကွန်ပျူတာတစ်လုံးကိုလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ကွန်ပျူတာတစ်လုံးကိုလည်းကောင်း ကျောင်းအုပ်ဆရာမကြီးအားပေးအပ်သည်။

ယင်းနောက်ဒဂုံမြို့နယ်ပြည်လမ်းအနောက်ရပ်ကွက် မိဘပြည်သူများက ကွန်ပျူတာတစ်စုံ၊ ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအားပေးအပ်ကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ မြို့မဖခင် ဆရာကြီးဦးဘလွင်နှင့် မိခင်ဒေါ်သန်းညွန့်တို့အား အမှူးပြု၍ ကပ္ပတိန်မျိုးညွန့်–ဒေါ်စုစုလွင်၊ ဒေါက်တာကြည်မောင်အေး–ဒေါက်တာမေသူမျိုးညွန့်၊ ယမင်းမျိုးညွန့် သားသမီးမြေးမြစ်တစ်စုက ငွေကျပ် ၁၃၄၃၁၀၀၊ အထက(၃)ဒဂုံကျောင်းသူဟောင်း အကယ်ဒမီ သုံးထပ်ကွမ်းဆုရှင် ဒေါ်ခင်သီတာထွန်းက ငွေကျပ် သုံးသိန်း၊ ဦးဇော်ဝင်း–ဒေါ်ခင်မြတ်စိုးသား မောင်ဟိန်းထက်ကျော် တို့က ငွေကျပ် တစ်သိန်းငါးသောင်းနှင့် အထက(၃) ဒဂုံကျောင်းသူဟောင်း Iron Cross တေးသံသွင်းမှ ဒေါ်ခင်ချမ်းသာက ငွေကျပ် တစ်သိန်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြသည်။

လက်ခံရယူ

ယင်းနောက် ဦးဌေးအောင်–ဒေါ်ဌေးဌေးညွန့်၊ ဦးငွေထွန်း–ဒေါ်ခင်အုန်းမြင့်၊ဦးအေးသွယ်–ဒေါ်မာမာခိုင်၊ ဦးဝင်းနိုင်–ဒေါ်ခင်နွဲ့၊ ဦးသိန်းထွန်း–ဒေါ်ခင်ဌေးမြင့် ပြည်လမ်းအနောက်ရပ်ကွက်၊ ဦးလွန်းစိန်–ဒေါ်လီလီမြင့်နှင့် ဦးကျူးခင် ပြည်လမ်း အနောက်ရပ်ကွက်၊ ဦးစစ်ဆွေ–ဒေါ်ခင်သန်းမနော်ဟရီလမ်း၊ ဦးသိန်းထွန်း(MGS Co,) ပြည်ထောင်စုရိပ်သာလမ်း၊ ဒေါ်သန်းနု(ခ) ဒေါ်နု (ဒေါ်နုမိသားစု အလှူမင်္ဂလာပစ္စည်း အမျိုးမျိုးအငှားဌာန) လှိုင်မြို့နယ်တို့က ငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ် လှူဒါန်းကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့က လက်ခံယူကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းက ပညာရည် မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်နိုင်ရေး၊ ခေတ်မီ နည်းပညာများကို ကျောင်းစာသင်ခန်းများ၌ ထိရောက်စွာ အသုံးပြုရေးနှင့် ထူးချွန်ထက်မြက်သည့် လူ့အရင်းအမြစ်များ မွေးထုတ်နိုင်စေရေးတို့အတွက်ပညာရေးဝန်ကြီးဌာနက အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မှတ်တမ်းဓာတ်ပုံရိုက်

ဆက်လက်၍ အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များသည် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့်အတူမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ပြန်လည်ထွက်ခွာကြရာ ကျောင်းသား ကျောင်းသူလေးများက ဇာတိမာန်သီချင်းကို သီဆို၍ နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲ အခမ်းအနားတွင် ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းသုံးပစ္စည်းများအတွက် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မာသာဟိန်အား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းသား ကျောင်းသူကလေးများ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

လယ်တီစံရိပ်သာမဂ္ဂင်ကျောင်း ဆောက်လုပ်ရေးလှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် မဟာညောင်ကုန်း ကျောင်းတိုက် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် နှစ်ထပ်မဂ္ဂင်ကျောင်းတော်ကြီးတည်ဆောက်ရေးအတွက် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ပဓာနနာယကဆရာတော်ကြီး ကမ္မဋ္ဌာနာ ဆရာတော်များနှင့် ဥပဋ္ဌာက အကျိုးတော်ဆောင်ထံတွင် ကိုယ်တိုင်လှူဒါန်း၍ဖြစ်စေ၊ ရိပ်သာဖုန်း– ၂၀၁၆၃၄ သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။

(က–ပ)

ရဲတံခွန်ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတူးဖော်အောင်မြင် သဘာဝဓာတ်ငွေ့ တစ်ရက်ကုဗပေသန်း ၄၀၀အထိ တိုးမြှင့်ရောင်းချမည်

ရန်ကုန် စက်တင်ဘာ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် တနင်္သာရီကမ်းလွန်ဒေသ ရဲတံခွန်ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းမှ ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်မှုလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များအား ရဲတံခွန်ကမ်းလွန် ရေနံတွင်းတူးစင်ခန်းမ၌ Offshore Installation Manager, Mr.Chris Brown နှင့် Petronas Myanmar မှ Operations Manager, Mr. Salahuddin Sulaiman တို့က ရဲတံခွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်မှုများနှင့်အောင်မြင်မှုများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့တိုးမြှင့်ရောင်းချမည့် အစီအစဉ်များ၊ သဘာဝဓာတ်ငွေ့နှင့်အတူထွက်ရှိလာမည့် ရေနံစိမ်းအပေါ့စားများကို သန့်လျင်ရေနံချက်စက်ရုံသို့ သယ်ယူချက်လုပ်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီတို့က ရဲတံခွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးစင်တွင် တာဝန်ထမ်းဆောင်နေကြသော မြန်မာအမျိုးသားဝန်ထမ်းများနှင့်နိုင်ငံခြားသားဝန်ထမ်းများအား သစ်သီးခြင်းလက်ဆောင်ကို ပေးအပ်ကြပြီး အားပေးစကားပြောကြားကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များအား ရဲတံခွန်ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းမှ တာဝန်ရှိပုဂ္ဂိုလ်များက ထုတ်လုပ်ရေးစင်ပေါ်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစက် ပစ္စည်းများကို လိုက်လံရှင်းလင်းပြသကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့ ရဲတံခွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးစင်တွင် တာဝန်ထမ်းဆောင်နေကြသော မြန်မာဝန်ထမ်းများ၊ နိုင်ငံခြားသားဝန်ထမ်းများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီနှင့်အဖွဲ့သည် ထားဝယ်မြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ဆက်လက်တူးဖော်

ရဲတံခွန်ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေကို ၁၉၉၂ ခုနှစ် နိုဝင်ဘာလတွင် ရဲတံခွန်အစမ်းတွင်းအမှတ်(၁)၌ စတင်တွေ့ရှိခဲ့ပြီး ထုတ်လုပ်ရေးတွင်း ၁၂ တွင်းကို ဆက်လက်တူးဖော်ခဲ့သည်။ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံနှင့် အရောင်းစာချုပ်ချုပ်ဆိုပြီး ၂၀၀၀ ပြည့်နှစ် ဧပြီလတွင် စတင်ရောင်းချခဲ့သည်။ယခုအခါ သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံမှ ပိုမိုတိုးတက် ဝယ်ယူလိုမှုအရ ရဲတံခွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ စီမံကိန်းတွင် နောက်ထပ်တွင်းသစ်လေးတွင်းကို ၂၀၀၄ ခုနှစ် ဩဂုတ်လကုန်တွင် တူးဖော်အောင်မြင်ခဲ့ပြီးဖြစ်၍ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၄၀၀ အထိ တိုးမြှင့်ရောင်းချတော့မည်ဟု သိရှိရသည်။ ထပ်မံတူးဖော်သော တွင်းသစ်များမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၁၄၅ သန်း ခန့် ထွက်ရှိနေရာ ယခုအခါ ရဲတံခွန်ရေနံနှင့်သဘာဝဓာတ်ငွေ့မြေမှ စုစုပေါင်းနေ့စဉ် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၅၀၀အထိ တိုးမြှင့်ထုတ် လုပ်ပေးနိုင်ပြီး ထိုင်းနိုင်ငံသို့ တိုးမြှင့် ရောင်းချမှုကို မကြာမီစတင်ရန်ရှိကြောင်း သိရှိရသည်။

ထို့အတူ သဘာဝဓာတ်ငွေ့နှင့်အတူ ထွက်ရှိသော Condensate လေဆီခေါ် ရေနံစိမ်းအပေါ့စားပမာဏမှာလည်း ယခုထုတ်လုပ်လျက်ရှိသော နေ့စဉ် စည် ၈၇၀၀ မှ ၁၂၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး အဆိုပါရေနံစိမ်းအပေါ့စားများကို ပြည်တွင်းတွင် လိုအပ်သလောက် သုံးစွဲ ၍ ပိုလျှံပမာဏကို ပြည်ပသို့တင်ပို့ ရောင်းချမည်ဖြစ်သည်။

နိုင်ငံခြားဝင်ငွေ

ရဲတံခွန်ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းတွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် အချိုးကျအစုရှယ်ယာဝင်ဖြစ်သည့်အပြင် အိမ်ရှင်နိုင်ငံ စီမံကိန်းပိုင်ရှင်အဖြစ်ပါ အကျိုးခံစားခွင့်များရှိ၍ နိုင်ငံခြားငွေ ဝင်ငွေများရရှိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင်ဒုတိယဝန်ကြီး ဦးသိန်းစိန် နိုင်ငံတော်၏မူဝါဒများအောင်မြင်မှုများဟောပြောပို့ချ

ရန်ကုန် စက်တင်ဘာ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်တိုင်းဆိပ်ကမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော စည်းရုံးရေး အခြေခံသင်တန်းအမှတ်စဉ် (၉/၂၀၀၄) သင်တန်းသား ၁၂၀ တို့အား နိုင်ငံတော်၏ မူဝါဒများ မှန်ကန်၍ လက်တွေ့အောင်မြင်မှုများရရှိပုံ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်အရေးကြီးပုံတို့ကို အကျယ်တဝင့် ဟောပြောပို့ချသည်။ **(သတင်းစဉ်)**

သဲအင်းဂူ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကင်းမြို့နယ်မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တမုနိန္ဒ (ကျိုက်ဝိုင်း) အရှင်သူမြတ်ကစက်တင်ဘာ၁၉ရက်မှ ၂၆ရက် အထိ ခုနစ်ရက်တရား စခန်း ဖွင့်လှစ်၍ သမထဝိပဿနာတရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် စက်တင်ဘာ၁၈ရက်(စနေနေ့) ညနေ ၅ နာရီအရောက် မှတ်ပုံတင်နှင့်အတူ စာရင်းပေးသွင်းနိုင်ကြပြီး နေ့ဆွမ်း အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၁–၉–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	အရေးပြိုင်ပွဲ
၈:၀၀	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၅	၇။	ကချင်ပြည်နယ်မိုးကောင်း တံတား
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar Made Easy

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅	၅။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၅၅	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း–၂၅)
၁၃:၃၅	၇။	မြန်မာ့ဆေးလောက၏ သမိုင်းမှတ်တိုင်သစ်(အသည်းအစားထိုးကုသခြင်း)(အပိုင်း–၃)
၁၃:၅၀	၈။	လောကနီတိ(၄) "လုပခြင်း၏အဓိပ္ပာယ်" (အကယ်ဒမီဇင်ဝိုင်း၊ နိုင်းနိုင်း ခိုင်နှင်းဝေ၊ စုချစ်ဇော်) (ဒါရိုက်တာ–ခင်ဇော်)
၁၄:၂၅	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၄၀	၁၀။	ဖောင်းကတော ရေလှောင်တမံ
၁၄:၄၅	၁၁။	International News

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(အထူးပြု အားလုံး) (မြန်မာစာ)
၁၇:၁၅	၆။	အကပဒေသာ
၁၇:၃၀	၇။	၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်မဟာဂီတ (ဝါသနာရှင်အဆင့်) (အမျိုးသား/အမျိုးသမီး)
၁၇:၄၅	၈။	တေးဂီတအစီအစဉ်
၁၈:၀၀	၉။	အတီးပြိုင်ပွဲ
၁၈:၁၅	၁၀။	တေးဂီတအစီအစဉ်
၁၈:၃၀	၁၁။	ညနေခင်းသတင်း
၁၉:၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၃။	Discovery
၁၉:၁၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း–၁၃)
၁၉:၄၀	၁၅။	ဒွါဒသမအကြိမ် (၁၂)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၊ ဇာတ်တော်ကြီးပြိုင်ပွဲ "ရာမာယဏ"ဇာတ်တော်ကြီး ဆွေးနွေးခန်း
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲကတစ်ခုတည်းသောအချစ်"** (အပိုင်း–၂၃)

ရွှေကျင်နှင့်သံလွင် မြစ်ရေအခြေအနေ

ရန်ကုန် စက်တင်ဘာ ၁၀

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီ အတွင်း ၃၀ စင်တီမီတာ (တစ်ပေခန့်) မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ် ၇၀၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယနေ့နံနက် ၆ နာရီခွဲ၌ ၆ စင်တီမီတာ စိုးရိမ်ရေမှတ် အထက်တွင်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် သုံးရက်အတွင်း ၃၀ စင်တီမီတာ (တစ်ပေခန့်) တက်လာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယနေ့ ထုတ်ပြန်ထားသည်။**(မြန်မာ့အလင်း)**

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့အားကြိုဆို

ရန်ကုန် စက်တင်ဘာ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကာကွယ်ရေးဝန်ကြီးဌာန စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်စိန်လင်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ဗထူးတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးသူရိန်ဇင် ခေါင်းဆောင်သော မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းမှ အဖွဲ့ဝင်များနှင့် အတူ ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းမှ အဖွဲ့ဝင်များအား တပ်မတော် အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ စစ်သံမှူး Col. Yayat Hidayat နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ဝဲပုံ)** **(သတင်းစဉ်)**

မီးသတ်ယာဉ်များ လေ့ကျင့်ဆောင်ရွက်မှု ဝန်ကြီးဗိုလ်ချုပ်စိန်ထွေး ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးသည် ယနေ့နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာန ရုံးချုပ်၌ နိုင်ငံတော်က ဝယ်ယူဖြည့်တင်းပေးသော ဆုံလည်လှေကားတင် မီးသတ်ယာဉ်တစ်စီး အပါအဝင် အခြားမီးသတ်ယာဉ်များ၏ လေ့ကျင့်ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ တက်ရောက်ကြပြီး ဝန်ကြီးက လေ့ကျင့်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထစ်ချုန်းရွာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၇၀ ဖြစ်သည်။

ကျေးလက်ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရေးစီမံဆောင်ရွက် စေတနာရှင်ပြည်သူများပူးပေါင်းကူညီရန် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းမှာကြား

ရန်ကုန် စက်တင်ဘာ ၁၀

ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ ဦးစီးအရာရှိများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင်ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ၂၀၀၅-၂၀၀၆ခုနှစ်တွင် ကျေးလက် အသီးသီးရှိ ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်ရေးအတွက် ယခုညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်း ဖြစ်ကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရည်မှန်းချက် တာဝန်များတွင် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၀၅ -၂၀၀၆ခုနှစ် အပြီးဆောင်ရွက်သွားရန် ပါဝင်ကြောင်း၊ ယခု ကျေးရွာ အုပ်စုပေါင်း ၁၃၇၄၈ခုအနက် ကျေးရွာအုပ်စုပေါင်း ၇၃၆၄ခု တွင် ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ကျေးရွာပေါင်း ၆၀၀၀ကျော်တွင်လည်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များကို ယခုနှစ် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ကျေးရွာကြီး၊ ကျေးရွာလတ်၊ ကျေးရွာငယ်များ အပါအဝင် ကျေးရွာပေါင်း ၆၀၀၀၀ ကျော်တွင်လည်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးကို ၂၀၀၅-၂၀၀၆ ခုနှစ် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ ပြည့်ပြည့်ဝဝ တိုးတက်ဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်နှင့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ထူထောင် ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် လူမျိုးအတွက် အရေးပါသည့်လုပ်ငန်းဖြစ်၍ စေတနာရှင်ပြည်သူများ အပါအဝင် တာဝန်ရှိသူအသီးသီးကလည်း ပူးပေါင်းကူညီ ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆောင်ရွက်နေမှုအခြေအနေ

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိများ၊ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ဖြည့်စွက်ဆွေးနွေး တင်ပြသည်။

အမှာစကားပြောကြား

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များကို ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၁၀

ကျမ်းပြုအကျော် မလွန်ဆန်လှူအသင်း နယ်လှည့်ဓမ္မကထိက ဖြစ်သော အရှင်ဇဝန(ပဲခူး)သည် ၁၃၆၆ခုနှစ် ဝါခေါင်လကွယ်နေ့တွင် ပေါင်းတည်မြို့နယ်သဖန်းချိုရွာ သဖန်းချိုကျောင်းတိုက်၌ ဥပုသ်သီတင်းဆောက်တည်ကြသော ယောဂီများအား နံနက်ဓမ္မသဘင်နှင့် နေ့လယ်ဓမ္မသဘင်များတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။

(က-ပ)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ❋ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ❋ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
- ❋ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ❋ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ် ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အီရန်တို့နိုင်ပွဲများဆက်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် စက်တင်ဘာ ၁၀

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အာရှဇုန် ခြေစစ်ပွဲများ၏ စတုတ္ထမြောက်ပွဲစဉ်များကို စက်တင်ဘာ ၈ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ အာရှဇုန်အုပ်စု ရှစ်စုမှအသင်း ၃၂ သင်းအနက် အသင်း ၁၆သင်း ကစားခဲ့ကြသည်။ စက်တင်ဘာ ၈ရက်က ယှဉ်ပြိုင်ကစားခဲ့သောပွဲများတွင် အာရှဘောလုံးအင်အားကြီးအသင်းများဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယား၊ အီရန်နှင့် တရုတ်အသင်းတို့ နိုင်ပွဲများ ရရှိကာ မျက်နှာပန်းလှခဲ့ကြသည်။

ဗီယက်နမ်နှင့်တောင်ကိုရီးယား

အာရှဇုန် အုပ်စု(၇)မှ အသင်းများဖြစ်သည့် ဗီယက်နမ်နှင့် တောင်ကိုရီးယားအသင်းတို့ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီး၌ ယှဉ်ပြိုင်ကစားခဲ့ရာ ကွင်းလယ် ဒိုင်လူကြီးအဖြစ် ဂျပန်နိုင်ငံမှ ယိုရှီဒါက ဆောင်ရွက်သည်။

တောင်ကိုရီးယားအသင်းတွင် လီဒေါင်ဂွတ်၊ အင်ဂျွန်ဝမ်၊ လီချန်ဆူးနှင့် ဆိုးလ်ကီအွန်တို့ ကဲ့သို့ ဝါရင့်ကစားသမားများပါဝင်ကစားသလို ဗီယက်နမ်အသင်းတွင်လည်း လီဟွန်ဒတ်၊ ဖန်ဗန်ကူရင်နှင့် လီကောင်ဗင်တို့လိုနာမည်ကြီးများပါဝင်ကစားခဲ့သဖြင့် အကြိတ်အနယ်ရှိခဲ့သည်။

ပွဲစသည်နှင့် နှစ်သင်းစလုံး တိုက်စစ်ဖွင့် ကစားခဲ့မှုကြောင့် ယခုပွဲမှာ လျင်မြန်ကာ ဗီယက်နမ်တို့က အိမ်ရှင်ဖြစ်သည်နှင့်အညီဦးဆောင်ဂိုးရရှိရေး ကြိုးစားတိုက်စစ်ဆင်ကစားရာ ပွဲချိန် ၁၁မိနစ်တွင် တောင်ကိုရီးယားမှ ဒူရီချာဘောလုံးဖျက်ထုတ်ရာတွင် ကြမ်းတမ်းမှုကြောင့် အနီကတ် တိုက်ရိုက်ပြ အထုတ်ခံရသဖြင့် တောင်ကိုရီးယားတို့ ၁၀ ဦးတည်းဖြင့်ကစားသွားရသည်။

ဗီယက်နမ်တို့ကဂိုးရရှိရေး ကစားအားတင်ထိုးဖောက်ကစားရာမှ ပွဲချိန် မိနစ် ၅၀တွင် ဗီယက်နမ်မှ လီကောင်ဗင်က ဘယ်ကြောမှဖြတ်ပေးလိုက်သည့်ဘောလုံးကို ဖန်ဗန်တီအမ်မနားတမ်းကန်သွင်းရာ တောင်ကိုရီးယားနောက်ခံလူဂျေဟောင် ဖျက်ထုတ်ရာမှကိုယ့်ဂိုးကိုယ်သွင်းသလိုဖြစ်ပြီး ဂိုးဝင်သွားသဖြင့်ဗီယက်နမ်တို့အဖွင့်ဂိုးရရှိသွားသည်။

တောင်ကိုရီးယားတို့ မထင်မှတ်ဘဲဂိုးပေးလိုက်ရသဖြင့် ချေပဂိုးရရှိရေး အပြင်းအထန်ကြိုးစားကစားရာပွဲချိန် ၆၄မိနစ်တွင် လီချန်ဆူးညာကြောမှ ခုတ်တင်ပေးလိုက်သည့်ဘောလုံးကို ဝါရင့်တိုက်စစ်မှူး လီဒေါင်ဂွတ်က ခေါင်းတိုက်သွင်းယူခဲ့သဖြင့် တောင်ကိုရီးယားတို့ချေပဂိုးရရှိသွားခဲ့သည်။

ဆက်လက်ပြီး အနိုင်ဂိုးရရှိရေး ဗီယက်နမ်ဘက်သို့ထိုးဖောက်ကစားရာ ပွဲချိန် ၇၇ မိနစ်တွင်တောင်ကိုရီးယားတို့ပြစ်ဒဏ်ဘောရရှိရာ ယင်းပြစ်ဒဏ်ဘောကို လီချန်ဆူးကတိုက်ရိုက်ကန်သွင်းခဲ့သဖြင့် တောင်ကိုရီးယားတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ အာရှဇုန်အသင်းများ၏ ခြေစစ်ပွဲအဖြစ် အိန္ဒိယနှင့်ဂျပန်အသင်းတို့ ယှဉ်ပြိုင်သည့်ပွဲတွင် ဂျပန်အသင်းမှ အီနာမိုတို(ယာ) ထိုးဖောက်ဂိုးသွင်းစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားသည် ယခုပွဲအနိုင်ရရှိခဲ့သဖြင့် အာရှဇုန် အုပ်စု(၇)၌ လေးပွဲကစားသုံးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ၁၀မှတ်ရရှိကာ ထိပ်ဆုံး၌ရပ်တည်နေပြီး ဗီယက်နမ်က လေးပွဲကစား တစ်ပွဲနိုင်၊ သုံးပွဲရှုံးဖြင့် သုံးမှတ်သာရရှိနေပြီး တတိယနေရာ၌ရှိကာ ခြေစစ်ပွဲအောင်ရန် အခြေအနေမပေးတော့ပေ။

ဂျော်ဒန်နှင့်အီရန်

အာရှဇုန်အုပ်စု (၁)မှအသင်းများဖြစ်သည့်ဂျော်ဒန်နှင့်အီရန်အသင်းတို့ ဂျော်ဒန်နိုင်ငံ အမ္မန်မြို့၌ စက်တင်ဘာ ၈ ရက်ကယှဉ်ပြိုင်ကစားရာ ကွင်းလယ်ဒိုင်လူကြီးအဖြစ် တရုတ်နိုင်ငံမှ လူဂျန်ကဆောင်ရွက်ပေးသည်။ အီရန်တို့ တစ်ဖက်သတ် တိုက်စစ်ဆင်ကစားနေရာမှ ပွဲချိန် ၇၈ မိနစ်တွင် အီရန်မှ ဗာဟီဒီနစ်ဗက်က ခေါင်းတိုက်ပြီး အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဂျော်ဒန်တို့က တန်ပြန်တိုက်စစ်ဆင်ကစားသော်လည်း အီရန်နောက်တန်းကို မကျော်နိုင်ဘဲရှိရာမှ ပွဲချိန် ၈၉မိနစ်တွင် အီရန်၏ဝါရင့် တိုက်စစ်မှူး အလီဒါယီက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရရှိကာ နှစ်ဂိုး-ဂိုးမရှိဖြင့် အီရန်တို့ အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အီရန်တို့ယခုပွဲအနိုင်ရရှိခဲ့သဖြင့် အုပ်စု (၁)တွင် လေးပွဲကစား၊ သုံးပွဲနိုင်၊ တစ်ပွဲရှုံးပြီး ကိုးမှတ်ရရှိကာ အုပ်စု(၁)၌ ထိပ်ဆုံးနေရာရရှိသွားသည်။ ဂျော်ဒန်ကလည်း လေးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ကိုးမှတ်ရရှိကာ အိမ်ကွင်း၌ရှုံးသဖြင့် တတိယနေရာ၌ ရှိနေသည်။

အိန္ဒိယနှင့်ဂျပန်

အာရှဇုန် အုပ်စု(၃)မှ အိန္ဒိယနှင့် ဂျပန်အသင်းတို့ခြေစစ်ပွဲကို အိန္ဒိယနိုင်ငံကာလကတ္တားမြို့၌ စက်တင်ဘာ ၈ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဆီးရီးယားနိုင်ငံမှ ဘာဆဲလ်ပိုင်ဂျာက ဆောင်ရွက်သည်။

ဂျပန်နှင့်အိန္ဒိယအသင်းတို့၏ ခြေစွမ်းမှာ ကွာခြားလျက်ပင်ရှိနေရာ ယခုပွဲတွင်လည်း ပွဲစသည်နှင့်ဂျပန်တို့က ကစားကွက်အသာ၊ ခြေအသာဖြင့် ဦးဆောင်ကစားနိုင်ခဲ့ရာ အိန္ဒိယတို့ အိမ်ရှင်ဖြစ်သော်လည်း ဂျပန်အသင်း ကစားကွက်အောက်တွင်သာ ဖျက်ထုတ် ဟန့်တားကစားနေခဲ့ရသည်။ ဂျပန်အသင်းပွဲချိန် ၄၅မိနစ်တွင် ဆူဇူကီးက အဖွင့်ဂိုးသွင်းယူကာ ပထမပိုင်းတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ဂျပန်တို့ကသာ ကစားကွက်စိတ်ကြိုက်တည်ပြီး ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၅၉မိနစ်တွင် ရှန်ဂျီအိုနိုက တစ်ဂိုး၊ ပွဲချိန် ၇၁မိနစ်တွင် တာကာရှီဖူကူနီရှိက တစ်ဂိုး၊ ပွဲချိန် ၈၅မိနစ်တွင် အီနာမိုတိုက တစ်ဂိုးသွင်းယူခဲ့ရာမှ ဂျပန်တို့ လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျပန်အသင်း ယခုပွဲအနိုင်ရရှိခဲ့သဖြင့် လေးပွဲကစားပြီးချိန်တွင် လေးပွဲစလုံးအနိုင်ရကာ ၁၂ မှတ်ဖြင့် အုပ်စု (၃) ထိပ်ဆုံးနေရာတွင် ခိုင်မာစွာရပ်တည်လျက်ရှိနေပြီး အိန္ဒိယအသင်းမှာ လေးပွဲကစား တစ်ပွဲနိုင်၊ သုံးပွဲရှုံးပြီး သုံးမှတ်ရကာ အုပ်စု (၃)တွင် တတိယနေရာ၌ရှိနေသည်။

မလေးရှားနှင့်တရုတ်

အာရှဇုန်အုပ်စု(၄)မှ မလေးရှားနှင့် တရုတ်အသင်းတို့ ခြေစစ်ပွဲကို မလေးရှားနိုင်ငံ ပီနန်မြို့၌ စက်တင်ဘာ ၈ ရက်က ကျင်းပရာ တရုတ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

တရုတ်နှင့် မလေးရှားတို့၏ ပွဲကို ကွင်းလယ်ဒိုင်လူကြီးများအဖြစ် ဘာရိန်နိုင်ငံမှ ဂျာဆင်ကာရင်က ဆောင်ရွက်သည်။

နှစ်ဝါတစ်နီ

အိမ်ရှင်မလေးရှားအသင်း တိုက်စစ်ဆင် ထိုးဖောက်ကစားမှုကို တရုတ်တို့ ဟန့်တားရင်း ပွဲချိန် လေးမိနစ်တွင် အဝင်ကြမ်းမှုကြောင့် တရုတ်မှ ဇီဇန်အဝါကတ်ပြခံရပြီး မကြာမီပွဲချိန် ငါးမိနစ်တွင် ထပ်မံအဝါကတ်အပြခံရကာ နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရသဖြင့် တရုတ်တို့ ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသည်။

တရုတ်အနိုင်ရ

တရုတ်အသင်းသည် ပွဲချိန် ၁၉ မိနစ်တွင် ယမ်လောင်ကူအစား ရီလီ၊ ပွဲချိန် ၄၆ မိနစ်တွင် ဆောင်ယမ်အစား ဘင်ဇမ်၊ ပွဲချိန် ၅၇ မိနစ်တွင် ဟိုဝက်ဒ်အစား ပူယမ်တို့ ဝင်ရောက်ကစားရာမှ ကစားအားကောင်းလာခဲ့ပြီး မလေးရှားအသင်းဘက်သို့ တိုက်စစ်ဆင်ကစားရာမှ ပွဲချိန် ၆၉ မိနစ်တွင် တရုတ်မှ ဂျင်ယုလီက အဖွင့်ဂိုး သွင်းယူပေးခဲ့သဖြင့် မလေးရှားကို တရုတ်တို့က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

တရုတ်အသင်းယခုပွဲအနိုင်ရရှိခဲ့သဖြင့်လေးပွဲကစား၊ လေးပွဲ နိုင်ပြီး ၁၂ မှတ်ရရှိကာ အုပ်စု(၄) ထိပ်ဆုံးတွင် ရပ်တည်နေပြီး မလေးရှား အသင်းမှာ လေးပွဲကစား၊ လေးပွဲရှုံးပြီး အုပ်စု (၄) အောက်ဆုံးအဆင့်၌သာရှိသဖြင့် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ရန် မဖြစ်နိုင်တော့ပေ။

၂၀၀၆ ခုနှစ်ကမ္ဘာ့ဖလား ခြေစစ်ပွဲဝင်အာရှဇုန် ၃၂သင်းတွင် အာရှဘောလုံးအင်အားကြီးအသင်းများဖြစ်သည့် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနှင့်အီရန်တို့နိုင်ပွဲများ ရရှိပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ရန် အလားအလာကောင်းလျက်ရှိသည်။ ။

(မြန်မာ့အလင်း)

အာရှတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ

အိန္ဒိယအမျိုးသမီးအနိုင်ရရှိ

နယူးဒေလီ စက်တင်ဘာ ၉

အာရှတင်းနစ် အမျိုးသမီးတံခွန်စိုက်ပြိုင်ပွဲကို ဥဇဘက်ကစ္စတန်နိုင်ငံ တပ်ချ်ကင့်မြို့၌ ဗုဒ္ဓဟူးနေ့က ကျင်းပရာ အိန္ဒိယမှ အင်ကီတာဘရပ်ဘရီရှုံးနိမ့်သွားချိန်တွင် စိုင်းဂျာယာလတ်မီးအကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။

စိုင်းသည် ပြီးခဲ့သောသီတင်းပတ်က နယူးဒေလီအိုတီအက်ဖ် အမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင် ကိုကူရီနာအား ၆-၄၊ ၆-၄ဖြင့်နိုင်ပြီး ဆုကြေးငွေ အမေရိကန်ဒေါ်လာ တစ်သောင်း ဆွတ်ခူးသွားသည်။

စိုင်းသည် အကြိုဗိုလ်လုပွဲမတိုင်မီ ဥဇဘက်မှ အတ်ခ်ဂါအမန်းမာရာဒိုဗာအား ၆-၁၊ ၆-၄ဖြင့်နိုင်ခဲ့သော ချိုင်ဂျန်ချွမ်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အသက်၁၇နှစ်အရွယ်ရှိ အိန္ဒိယမှ အင်ကီတာဘရမ်ဘရီသည် တိုင်ပေမှ ဆူဝေရှိန်အား ၆-၇၊ ၆-၄၊ ၆-၄ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ထိုနေ့က စိုင်းသည် အိန္ဒိယနိုင်ငံအတွက် အထင်ကြီးလောက်သော ကစားကွက်များကို ပြသခဲ့သည်။

အိန္ဒိယမှ ဆူနေးလ်ကူမာစီပေရာနှင့် ဗစ်ရှယ်အပ်ပယ်တို့သည် အီကွက်ခမ်းနှင့် ဘာဂျာအူဇာကော့ဗ်တို့အား ၆-၄၊ ၆-၂ဖြင့်နိုင်ခဲ့သည်။

အဆိုပါ အာရှတံခွန်စိုက်တင်းနစ်ပြိုင်ပွဲဆုအဖြစ် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ပီတီအိုင်**

ကမ္ဘာတစ်လွှား အားကစား

ဘောလုံးသမိုင်း၏အစကျူဂျူပြိုင်ပွဲ တရုတ်နိုင်ငံအရှေ့ပိုင်း၌ပြန်လည်ကျင်းပမည်

ဂျီနန် စက်တင်ဘာ ၁၀

ယနေ့ခေတ်ဘောလုံးပြိုင်ပွဲ၏ ကနဦးအစပြိုင်ပွဲဖြစ်သည့် ကျူဂျူပြိုင်ပွဲတစ်ရပ်ကို တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ် ဇစ်ဘိုမြို့၌ စက်တင်ဘာ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမြို့၏ လင်ဇီးဒေသသည် ၎င်းကျူဂျူပြိုင်ပွဲကို ကျင်းပခဲ့သည်ဟု ကမ္ဘာ့ဘောလုံးအသိုင်းအဝိုင်းက အသိအမှတ်ပြုထားသည်။ ယင်းဒေသမှ ဘောလုံးကို စတင်ခဲ့သည်ဟုဆိုသည်။ ၎င်းပြိုင်ပွဲကို ဆွန်မင်းဆက်(အေဒီ ၉၆၀-၁၂၇၉အေဒီ)လက်ထက်တွင် စတင်ခဲ့သည်ဟု လေ့လာသူများက မှတ်ချက်ပြုထားသည်။

ထိုခေတ်က ဘောလုံးပြိုင်ပွဲသည် တစ်ဖက်လျှင် ၁၀ဦးစီ ပါရှိသည်။ ဘောလုံးကို မြေပေါ်သို့ကျသည့် အသင်းသည် အရှုံးဖြစ်သည်ဟု ဆိုသည်။

သမိုင်းမှတ်တမ်းများအရ ကျူဂျူသည် အလွန်ရေပန်းစားခဲ့ပြီး တရုတ်နိုင်ငံ ဆောင်းရာသီနှင့် နွေဦးရာသီတို့တွင် လင်ဇီးဒေသ၌ ပျံ့နှံ့လျက်ရှိသော အားကစားဖြစ်ခဲ့သည်ဟုဆိုသည်။

ယင်းအားကစားသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသို့ ပျံ့နှံ့ခဲ့ကြောင်း၊ ကျူဂျူသည် လွန်ခဲ့သောနှစ်ပေါင်း ၁၄၀၀ခန့်က ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း၊ တရုတ်ဘာသာအရ ကျူဆိုသည်မှာ ကန်သည်၊ ဂျူဆိုသည်မှာ ဘောလုံးဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ဘောလုံးစတင်ကစားရာ ဒေသဖြစ်ကြောင်း၊ ယခုနှစ် ဇူလိုင် ၁၅ရက် အာရှဖလားကျင်းပစဉ်အတွင်း ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက အသိအမှတ်ပြု ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

၂၀၀၆ ကမ္ဘာ့ဖလား အာရှခြေစစ်ပွဲအဖြစ် တောင်ကိုရီးယားနှင့်ဗီယက်နမ်တို့ ယှဉ်ပြိုင်ကစားကြရာတွင် တောင်ကိုရီးယားမှ လီချွန်ဆိုးနှင့် ဗီယက်နမ်မှ ကောင်ဗင့်ချ်တို့ ဘောလုံးယှဉ်လုစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလားအာရှဇုန်ခြေစစ်ပွဲအနိုင်အရှုံး

ဟိုချီမင်းစီးတီး(ဗီယက်နမ်) စက်တင်ဘာ ၉

၂၀၀၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်များအဖြစ်ကမ္ဘာတစ်ဝန်းဇုန်များအလိုက် ကျင်းပခဲ့ရာ စက်တင်ဘာ ၈ ရက်က အာရှဇုန်ဘောလုံးအသင်းများ၏ အနိုင်အရှုံးမှာ အောက်ပါအတိုင်းဖြစ်သည်။

လာအို	၁	-	၆	ကာတာ
ဂျော်ဒန်	၀	-	၂	အီရန်
တရုတ်တိုင်ပေ	၁	-	၄	အီရတ်
ပါလက်စတိုင်း	၀	-	၃	ဥဇဘက်ကစ္စတန်
အိန္ဒိယ	၀	-	၄	ဂျပန်
စင်ကာပူ	၀	-	၂	အိုမန်
ဟောင်ကောင်	၀	-	၂	ကူဝိတ်
မလေးရှား	၀	-	၁	တရုတ်
မြောက်ကိုရီးယား	၄	-	၁	ထိုင်း
ယီမင်	၃	-	၁	ယူအေအီး
တာဂျစ်ကစ္စတန်	၀	-	၁	ဆီးရီးယား
ကရာဂျစ်စတန်	၁	-	၂	ဘာရိန်း
မော်လ်ဒိုက်	၂	-	၅	လက်ဘနွန်
ဗီယက်နမ်	၁	-	၂	တောင်ကိုရီးယား
သီရိလင်္ကာ	၀	-	၂	အင်ဒိုနီးရှား
တပ်မင်နစ္စတန်	၀	-	၁	ဆော်ဒီအာရေဗျ

အမ်အင်အေ၊ ရိုက်တာ

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးဗဟိုအတွင်းရေးမှူးအဖွဲ့ရုံးဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးဗဟိုအတွင်းရေးမှူးအဖွဲ့ရုံး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ရှိ အဆိုပါရုံးဖွင့်မည့်နေရာ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသနှင့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ဗဟိုအတွင်းရေးမှူးအဖွဲ့ဝင်များ၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးနှင့် ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ဆက်ကပ်

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်တို့အား ပရိတ်ရေ၊ ပရိတ်ပန်း၊ နံ့သာရည်၊ ဖဲကြိုးနှင့် ကပ်ကြေး စသည်တို့ကို ဆက်ကပ်သည်။

ယင်းနောက် ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဧည့်ပရိသတ်တို့က ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းဖြစ်သည့် ဗဟိုအတွင်းရေးမှူးအဖွဲ့ရုံး ဖွင့်ပွဲအခမ်းအနားကို နံနက် ၈နာရီခွဲတွင် ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဗဟိုအတွင်းရေးမှူးအဖွဲ့ရုံးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့် တက်ရောက်လာကြသူများက ဗဟိုအတွင်းရေးမှူးအဖွဲ့ရုံးခန်းများကို လှည့်လည်ကြည့်ရှုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်သွယ်နိုင်

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကျင်းပရေး ဗဟိုအတွင်းရေးမှူးအဖွဲ့ရုံးနှင့် ဆက်သွယ်လိုပါက Fax (၆၅၂၆၂၉)၊ ဖုန်း-၆၅၂၆၂၃၊ ၆၅၂၆၂၇၊ ၆၅၂၆၂၈၊ e-mail-Fwbs @ mpt mail-net-mm တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၅) ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၀



ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းအမှတ်(၆၅)ကိုယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

မြင်းမူမောင်နိုင်မိုး၊ကို(တက္ကသိုလ်)၊ ရန်နိုင်ဦး၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ ရွှေမြိုင်မောင်ဖူးဝါ၊ ဆောင်းမွန်းချစ်၊ အေးမျိုးကြည်၊ မောင်မွန်မြတ်(ကျေးလက်)၊ တိုးဝေ၊ မင်းသွေးနွယ်(ဇီးကုန်း)၊ ပွင့်မွန်မွန်သိမ်း၊ ဇာနည်တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ မကြန်၊ ပခုက္ကူဦးအုံးဖေ၊ မောင်ဆုရှင်၊ တက္ကသိုလ်တင်ခ၊ နုယဉ်၊ ဒေါက်တာမတင်ဝင်း၊ မန်းခင်ခင်၊ ခင်ဆွေမြင့်(မြန်မာစာ)၊ ခင်စောတင့်၊ မြင့်သိန်းအောင်၊ တက္ကသိုလ်သန်၊ ချစ်နိုင်(စိတ်ပညာ)၊ လယ်တွင်းသားစောချစ်၊ သန်းဝင်းရှိန်၊ မိုးထက်မောင်မောင်၊ မြင့်သူရ၊ နီငြိမ်း (အညာတက္ကသိုလ်)၊ စလင်းမောင်မွေးကြိုင်၊ ဒေါက်တာမင်းလဲ့ရီ၊ တက္ကသိုလ်စိုးယဉ်၊ သူရိန်မွန်(ဆေး-၂)၊ တင်ဝင်း(မအူပင်)တို့၏ ဆောင်းပါးများ၊ မောင်ဆန္ဒ(လယ်ဝေး)၊ ညိုလွမ်းအောင်၊ တင်အောင်စိုး(ပန်းမြို့တော်)၊ သျှီ(အင်ကြင်း)၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ မြတ်စုဝေ(သဲကုန်း)၊ မောင်မောင်မိုးအောင်၊ မောင်စောထွန်း (ကျောင်းကုန်း)၊ တက္ကသိုလ်ရွှေဆင့်၊ မကျော်(ပြန်/ဆက်)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ ကာတွန်း၊ ပုံပြင်စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေး၊ ပြည်၊ မကွေး၊ သန်လျင်၊ ကလော၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(က-ပ)**

စူပါသတင်းဂျာနယ် အမှတ် (၃၀) ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၀

တစ်ရံရောအခါက ဆောင်းဟေးရဲ့ ဆည်းဆာရင်ခုန်သံ၊ ဂီတသက်တမ်း ၁၅နှစ်ခရီး ဖြတ်သန်းခဲ့သော တင့်တင့်ထွန်း၏ ပုံရိပ်များ၊ သီချင်းဟောင်းတွေကို Live Show လုပ်ကြတဲ့အပေါ် ဒါရိုက်တာဝဏ္ဏခွာနီးရဲ့ အမြင်၊ မြန်မာနိုင်ငံသား အမျိုးသမီးများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်တဲ့ ပထမဆုံးအကြိမ်ကျင်းပမယ့် Miss ASEAN Culture Myanmar ပြိုင်ပွဲ၊ ပင်လယ်ကမ်းခြေရောက်သွားတဲ့ လူနှစ်ယောက်နဲ့ ကမ်းခြေက မင်းသမီးလေးအကြောင်း ပြောတဲ့ လွင်မိုး၊ မင်းသားကြီးအောင်လွင် ပြန်လည်စန်းထလာသော ဘကြီးအောင်တို့ခေတ် စသော ပြည်တွင်းပြည်ပ ရုပ်ရှင်ဂီတ စူပါအနုပညာရှင်တို့၏ ဘဝအလှများနှင့်အတူ စူပါသတင်းဂျာနယ် အမှတ်(၃၀)ကို ဆင်တောင်ကြီးစာပေ အမှတ် ၄၁၊ ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်းသိရသည်။ **(က-ပ)**

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ခုနှစ်၊ စက်တင်ဘာလအတွက်

(၁၂-၉-၂၀၀၄)ရက်နေ့

နှင့်

(၂၆-၉-၂၀၀၄)ရက်နေ့

သြဂုတ် ၂၈ရက်က အင်းစိန်မြို့နယ် အမက(၁၅)၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ငါးနှစ်ဆက်တိုက်ဆုရ စတုတ္ထတန်း(ခ)မှ မောင်အောင်ကျော်ဆန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာပြုံးက ဆုချီးမြှင့်စဉ်။ (က-ပ)

လှိုက်လှဲစွာချီးကျူးဂုဏ်ပြုခြင်း

မြန်မာနိုင်ငံတွင်၂၅-၈-၂၀၀၄ရက်၌ ပြုလုပ်ခဲ့သည့် ပထမဦးဆုံး အသည်းအစားထိုး ခွဲစိတ်ကုသမှုတွင် မေ့ဆေးပိုင်းဆိုင်ရာနှင့် အထူးကြပ်မတ်ကုသမှုဆိုင်ရာတို့ကို အောင်မြင်စွာ စွမ်းဆောင်ခဲ့ကြသည့် ပါမောက္ခ/ဌာနမှူး ဒေါက်တာဦးတင်မြင့် ဦးဆောင်သော မေ့ဆေးပညာနှင့် အထူးကြပ်မတ်ကုသမှုအဖွဲ့အား လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုအပ်ပါသည်။ **မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များအသင်း။**

- **မြန်မာနိုင်ငံ၏ ၁၅ နှစ်တာကာလ တပ်မတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ပကတိအတိုင်း တွေ့မြင်နိုင်သည့် ဖွံ့ဖြိုးဝေစည်မြန်မာပြည်(၁၉၈၈-၂၀၀၃)စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေသည့်-**

Magnificent Myanmar
(1988-2003)

- **မြို့ရွာနှင့်ကျေးလက်ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုများ၊ ဓာတ်ပုံများ၊ ကိန်းဂဏန်း ဇယားများနှင့် ပုံပြဂရပ်များကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုပုံနှိပ် ထုတ်ဝေထားပါသည်။**

ထွက်ပြီ

ရောင်းဈေး USD - 3.00

ရရှိနိုင်သောနေရာများ

- စာပေဗိမာန်စာအုပ်ဆိုင် ၅၂၉/၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၂၄၉၀၃၁၊ ၃၈၁၄၄၈
- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် ၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။ ဖုန်း-၂၉၄၃၀၆
- စာပေဗိမာန်စာအုပ်ဆိုင် ရတနာပုံဈေးသစ်(ဒုတိယထပ်) မန္တလေးမြို့။



နိဗ္ဗာန်ရောက်ကြောင်း တရားတော်ဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၁၀

၁၃၆၆ခုနှစ် ဝါခေါင်လကွယ်နေ့ (စက်တင်ဘာ ၁၃ရက်) တနင်္လာနေ့ မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံအရှေ့ဘက်မုခ်ရှိ စိန္တာရာမပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်တထောင်စေတီတော် သြဝါဒစရိယဆရာတော် ဘဒ္ဒန္တကောသလ္လ (မဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်ကလည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိစာရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်ကလည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မာစီဒီး (1956 Model) အိမ်စီးကားသန့်၊ L 2 အင်ဂျင်၊ Air. Con ၊ ကူရှင်အသစ်။

ဆက်သွယ်ရန် -727924, 572044

သမဝါယမ ဒေသထွက်ကုန်အရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၀

သမဝါယမဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့် "သမဝါယမဒေသထွက်ကုန် အရောင်းပွဲတော်" ကို သမဝါယမကုန်သည်းရောင်းဝယ်ရေးဗဟိုဌာန(ဆရာစံပလာဇာ)၌ ၂၀၀၄ခုနှစ် အောက်တိုဘာ ၂၆ရက်မှ နိုဝင်ဘာ ၁ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အရောင်းပွဲတော်ကျင်းပရာတွင် ပြည်နယ်တိုင်းများအလိုက် သမဝါယမအသင်းများက "ရွာတစ်ရွာ ထုတ်ကုန်တစ်မယ်" (One Village One Product) အစီအစဉ်ကို အခြေခံ၍ ဒေသအလိုက် အဓိကထုတ်ကုန်များ၊ ထူးခြားသည့် တိုင်းရင်းသားရိုးရာအသုံးအဆောင်များ၊ ထင်ရှားသည့် ရိုးရာအစားအစာများကို ခင်းကျင်းရောင်းချရန် စီစဉ်ထားသည်။ နိုင်ငံပိုင်၊ သမဝါယမနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းအရောင်းဆိုင်များလည်း ပါဝင်ခင်းကျင်းပြီး စားသုံးသူပြည်သူများအား ကုန်ပစ္စည်းမျိုးစုံကို တစ်နေရာတည်းမှ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးမည်ဖြစ်သည်။

အရောင်းပွဲတော်တွင် ပါဝင်ပြသရောင်းချလိုသူများသည် သမဝါယမဝန်ကြီးဌာန ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဖုန်း-၂၄၃၈၅၄၊ ၂၄၃၈၅၃၊ ၃၇၉၈၄၃ ၊ ဆရာစံပလာဇာ ဖုန်း- ၅၅၈၅၃၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝိသာခါ သီလရှင်သင်ကျောင်းသို့ ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၀

ဒဂုံဆိပ်ကမ်းမြို့နယ်(၈၁)ရပ်ကွက်ရှိ ဝိသာခါသီလရှင်သင် အမျိုးသမီး ပညာရေးကျောင်း၌ ဦးခင်ဇော်(ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး)နှင့် ဒေါ်ခင်ဆွေဦး မိသားစုတို့က စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး **(ဓါတ်ပုံ)** သီလရှင်ဝတ်စုံ ၄၄ စုံ၊ ကျောင်းသားကျောင်းသူများအတွက် ဝတ်စုံ ၉၀ နှင့် ငွေကျပ် ငါးသိန်းလှူဒါန်းရာ ဝိသာခါ သီလရှင်သင် အမျိုးသမီး ပညာရေးကျောင်း နာယက ဆရာလေး ဒေါ်ကိသဿရထေရီက လက်ခံရယူပြီး လှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်သွယ်နိုင်

ဝိသာခါသီလရှင်သင် အမျိုးသမီး ပညာရေးကျောင်းတွင် ပအိုဝ်း၊ ပလောင်၊ ပဒေါင်နှင့် ကရင် တိုင်းရင်းသား မိဘမဲ့ကလေးသူငယ်ပေါင်း ၁၃၀ ရှိသည်။ မိဘမဲ့ကလေးသူငယ် ၁၃၀ နှင့် အနီးပတ်ဝန်းကျင်ရှိ ကလေးသူငယ် ၄၀ ကျော်တို့အား ဆရာမငါးဦးတို့က မူလတန်းပညာရပ်များ သင်ကြားပေးလျက် ရှိသည်။ ဝိသာခါ သီလရှင်သင် အမျိုးသမီး ပညာရေးကျောင်းသို့ အလှူငွေများ လှူဒါန်းလိုပါက ဖုန်း-၅၉၂၀၁၇ သို့ ဆက်သွယ်နိုင်ကြကြောင်း သိရသည်။ **(က-ပ)**

(၃၇)ကြိမ်မြောက် အဘိဓမ္မာစာပြန်ပွဲ

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၃၇)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း (အာဂမ+ သဘာဝ)စာပြန်ပွဲကြီးကို ၁၃၆၆ ခုနှစ် တော်သလင်းလဆန်း ၅ ရက်မှ ၇ ရက် (စက်တင်ဘာ ၁၈ မှ ၂၀ ရက်) အထိ ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မရတနာဃရ (ဓမ္မဗိမာန်တော်)၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ စာပြန်ပွဲကြီးသို့ ကျမ်းအလိုက် သံဃာတော် ၂၅၃ ပါး၊ သီလရှင် ၂၂၅ ပါးနှင့် လူပုဂ္ဂိုလ် ၈၀တို့ ဝင်ရောက်ဖြေဆိုကြရန် စာရင်းတင်သွင်းထားသည်။ စာပြန်ပွဲဝင်များနှင့် စာစစ်ဆရာတော်ကြီးများအတွက် စာအောင်ဆုများ၊ သက်န်းဒွိစုံများ လှူဒါန်းလိုသူ အလှူရှင်များသည် ဆူးလေစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်းတိုက် ဖုန်း-၃၇၈၄၅၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း စာတမ်းများဖတ်ကြား

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ မြန်မာနိုင်ငံ Software နည်းပညာဖွံ့ဖြိုးမှုကို ရည်ရွယ်၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ စာတမ်းများ ဖတ်ကြားရှင်းလင်းပွဲကို ဩဂုတ် ၂၈ရက်နှင့် ၂၉ရက်က လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပရာ စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဦး၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းအောင်၊ မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းဥက္ကဋ္ဌ ဦးသောင်းတင်၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါ်နွဲ့နွဲ့ဝင်း၊ မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးအောင်ဇော်မြင့်နှင့် အမှုဆောင်များ၊ ကွန်ပျူတာပညာရှင်နှင့် ဝါသနာရှင်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဩဂုတ် ၂၈ရက် စာတမ်းဖတ်ပွဲတွင် Issues in Establishing Myanmar Software Industry ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးနှင့် ပညာရှင်များက စာတမ်းများကိုလည်းကောင်း၊ ဩဂုတ် ၂၉ရက်တွင် Soft Infrastructure ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးသောင်းတင်နှင့် ပညာရှင်များက စာတမ်းများကိုလည်းကောင်း ဖတ်ကြားရှင်းလင်းပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကြကြောင်း သိရသည်။ **(က-ပ)**

ဩဂုတ် ၂၉ ရက်က ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အင်းစိန်မြို့နယ် အမှတ်(၄၁) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အလှူရှင် ဦးတင်ဝင်းက ကျောင်းအတွက် ငွေကျပ်သုံးသိန်းလှူဒါန်းရာ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသီလှ က လက်ခံယူစဉ်။ (က-ပ)

စက်တင်ဘာ ၄ ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၂၀) အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ပညာပါရမီထောက်ပံ့ကြေးနှင့် ကျောင်းဘက်စုံပြုပြင်ရန် အလှူငွေပေးအပ်ပွဲကျင်းပရာ မရမ်းကုန်းမြို့နယ် အမှတ်(၁၀) ရပ်ကွက် အင်းလျားရိပ်သာလမ်း အမှတ်(၆-အေ)နေ မိခင် ဒေါ်မြရင်၊ သား ဦးအောင်တိုးလွင်၊ ဇနီး ဒေါ်သင်းမြတ်စန္ဒာ မိသားစုတို့က ငွေကျပ် တစ်သိန်းလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြီးမြင့်က လက်ခံရယူစဉ်။ (၄၂၁)

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းနှင့် စာစစ်ဌာနများကြေညာ

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၄ ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို ၁၁-၁၀-၂၀၀၄ ရက်မှ ၂၀-၁၀-၂၀၀၄ ရက်အထိလည်းကောင်း၊ အတန်းတင်စာမေးပွဲများကို ၂၅-၁၀-၂၀၀၄ ရက်မှ ၂-၁၁-၂၀၀၄ ရက်အထိလည်းကောင်း ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ ဟသ်ာတ တက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မအူပင်တက္ကသိုလ်နှင့် ပဲခူးဒီဂရီကောလိပ် စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။

ဒဂုံဌာနခွဲ

ရန်ကုန် အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ(ဒဂုံတက္ကသိုလ်)တွင် မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာ၊ ဥပဒေအထူးပြုများနှင့် စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသားများသည် ဒဂုံတက္ကသိုလ်တွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ကြရမည် ဖြစ်သည်။ ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသားများသည် အထက(၁) အင်းစိန်၊ အထက(၂) အင်းစိန်နှင့် အထက(၄) အင်းစိန်တို့၌လည်းကောင်း၊ ပထမနှစ် ရသစာပေအထူးပြု ကျောင်းသားများသည် အထက(၄) အင်းစိန်၌လည်းကောင်း၊ ပထမနှစ် ဥပဒေအထူးပြု ကျောင်းသားများသည် အထက(၃) အင်းစိန်၊ အထက(၅) အင်းစိန်နှင့် အထက(၃) မြောက်ဥက္ကလာပတို့၌ လည်းကောင်း၊ ပထမနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသားများသည် အထက(၃) မြောက်ဥက္ကလာပ၌ လည်းကောင်း၊ ပထမနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသားများသည် အထက(၁) မြောက်ဥက္ကလာပနှင့် အထက(၂) မြောက်ဥက္ကလာပတို့၌ လည်းကောင်း၊ ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသားများသည် အထက(၂) မြောက်ဥက္ကလာပနှင့် အထက(၄) မြောက်ဥက္ကလာပတို့၌လည်းကောင်း၊ ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသားများသည် အထက(၄) မြောက်ဥက္ကလာပနှင့် အထက(၅) မြောက်ဥက္ကလာပတို့၌ လည်းကောင်း၊ ပထမနှစ် သမိုင်းအထူးပြု ကျောင်းသားများသည် အထက(၁) တောင်ဥက္ကလာပ၊ အထက(၂) တောင်ဥက္ကလာပနှင့် အထက(၄) တောင်ဥက္ကလာပတို့၌ လည်းကောင်း၊ ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသားများသည် အထက(၄) ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အထက(၃) ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် အထက(၁) ဒဂုံမြို့သစ်(မြောက်ပိုင်း) တို့၌လည်းကောင်း၊ ပထမနှစ် မြန်မာမှုပညာအထူးပြု ကျောင်းသားများသည် အထက(၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ လည်းကောင်း၊ ဒုတိယနှစ် မြန်မာစာ အထူးပြု ကျောင်းသားများသည် အထက(၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အထက(၃) ဒဂုံမြို့သစ်(မြောက်ပိုင်း) နှင့် အထက(၄) ဒဂုံမြို့သစ်(မြောက်ပိုင်း)တို့၌ လည်းကောင်း စာမေးပွဲ ဖြေဆိုကြရမည် ဖြစ်သည်။ ကျန် ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာ၊ ဥပဒေအထူးပြုအားလုံးနှင့် စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသားများသည် ဒဂုံတက္ကသိုလ်၌ စာမေးပွဲ ဖြေဆိုကြရမည်ဖြစ်သည်။

အရှေ့ပိုင်းဌာနခွဲ

ရန်ကုန် အဝေးသင်တက္ကသိုလ် အရှေ့ပိုင်းဌာနခွဲ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော ပထမနှစ်နှင့် ဒုတိယနှစ်၊ တတိယနှစ် ဝိဇ္ဇာ၊ ဥပဒေအထူးပြုများနှင့် စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသားများသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ အနီးကပ် ပို့ချသင်တန်းများကို တက်ရောက်ကြရမည်ဖြစ်သည်။ ပထမနှစ် ဥပဒေအထူးပြု ကျောင်းသားများသည် အထက(၁) သန်လျင်နှင့် အထက(၂) သန်လျင်တို့၌လည်းကောင်း၊ ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသားများသည် အထက(၂) သန်လျင်၌ လည်းကောင်း၊ ပထမနှစ် ဒဿနိကဗေဒ အထူးပြု ကျောင်းသားများသည် အထက(၃) သန်လျင်၌လည်းကောင်း၊ ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသားများသည် အထက(၄) သန်လျင်၌ လည်းကောင်း၊ ပထမနှစ် သမိုင်း အထူးပြု ကျောင်းသားများသည် အထက(၁)သာကေတနှင့် အထက(၄) သာကေတတို့၌ လည်းကောင်း၊ ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသားများသည် အထက(၂) သာကေတနှင့် အထက(၃) သာကေတတို့၌လည်းကောင်း၊ ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသားများသည် အထက(၁) သန်လျင်၌လည်းကောင်း စာမေးပွဲ ဖြေဆိုကြရမည် ဖြစ်သည်။ ကျန် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာ၊ ဥပဒေနှင့် စတုတ္ထနှစ် ဥပဒေ အထူးပြု ကျောင်းသားများသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။

အနောက်ပိုင်းဌာနခွဲ

ရန်ကုန် အဝေးသင်တက္ကသိုလ် အနောက်ပိုင်းဌာနခွဲ (ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်)၌ မှတ်ပုံတင်ထားသော ပထမနှစ်နှင့် ဒုတိယနှစ်ဝိဇ္ဇာ၊ ဥပဒေအထူးပြုကျောင်းသားများသည် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ကြရမည် ဖြစ်သည်။ ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသားများသည် အထက(၁) ရွှေပြည်သာ၊ အထက(၃) ရွှေပြည်သာနှင့် အထက(၄) ရွှေပြည်သာတို့၌ လည်းကောင်း၊ ပထမနှစ် သမိုင်းအထူးပြု ကျောင်းသားများသည် အထက(၂) ရွှေပြည်သာ၌ လည်းကောင်း၊ ပထမနှစ် အင်္ဂလိပ်စာ အထူးပြု ကျောင်းသားများသည် အထက(၄) ရွှေပြည်သာ၌လည်းကောင်း၊ ဒုတိယနှစ် ပထဝီဝင်အထူးပြု နှင့် ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသားများသည် အထက(၃) ရွှေပြည်သာ၌လည်းကောင်း စာမေးပွဲ ဖြေဆိုကြရမည် ဖြစ်သည်။ ကျန်ပထမနှစ်နှင့် ဒုတိယနှစ် ဝိဇ္ဇာ၊ ဥပဒေအထူးပြု ကျောင်းသားများသည် ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်၌ စာမေးပွဲ ဖြေဆိုကြရမည် ဖြစ်သည်။

အမှတ် ၁၆၆ ဗိုလ်ချုပ်လမ်း (၃)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေ မောင်အောင်ဟိန်းကျော် (၈)နှစ်မြောက်မွေးနေ့အတွက် အလှူငွေကျပ် တစ်သိန်းတစ်သောင်းငါးထောင်ကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်) အသင်းရုံးသို့ လာရောက်လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ရန်ကုန် အဝေးသင်တက္ကသိုလ်၏ နယ်ဌာနခွဲအသီးသီး၌ မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာ၊ ဥပဒေအထူးပြု ကျောင်းသားများနှင့် စတုတ္ထနှစ်ဥပဒေ အထူးပြု ကျောင်းသားများသည် မိမိတို့နှင့်သက်ဆိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ အနီးကပ် ပို့ချသင်တန်းများကို တက်ရောက်ပြီး စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။

အသေးစိတ် အစီအစဉ်ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင် တက္ကသိုလ်ဌာနခွဲများနှင့် အခြေခံပညာ အထက်တန်းကျောင်းများ၌ ကြေညာထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဟောင်းစေတီတော် ထီးတော်တင်လှူမည် အလှူရှင်များ ပါဝင်ဆက်သွယ်လှူဒါန်းနိုင်

ရေစကြို စက်တင်ဘာ ၉

မကွေးတိုင်း ရေစကြိုမြို့နယ် မအူလေးရွာ တိုက်နယ်ဆေးရုံရှေ့တွင်တည်ထားကိုးကွယ်ခဲ့သော ရွှေဟောင်းစေတီတော်ကြီးမှာ နှစ်ရှည်လများ ချုံနွယ်များဖုံးအုပ်ပြီး ပျက်စီးနေ၍ စလင်းကန်လည်ဆရာတော်ကြီးဦးဝဇီရာဂုဓ (ဦးစိန်ခဲ) က ပြည်သူများ ပါဝင်လှူဒါန်းပြုပြင်ရန် မိန့်မှာခဲ့သည်။

တင်လှူပူဇော်မည်

အဆိုပါစေတီတော်နှင့် စေတီငယ်နှစ်ဆူတို့အား ဆရာတော်ကြီး ဦးကုမာရ နှင့် ဦးကုသလ နာယကဆရာတော်ကြီးတို့ ကြီးကြပ်မှုဖြင့် ဘက်စုံပြုပြင်ခဲ့ရာ ကျပ်သိန်း ၁၀၀ခန့် ကုန်ကျခဲ့သည်။ အဆိုပါ စေတီပြုပြင်ရန် ရေစကြိုမြို့ ကံပွင့်အမွေးတိုင် လုပ်ငန်းရှင် ဦးအောင်သန်း–ဒေါ်ခင်သန်းဦး မိသားစုက ကျပ် ၁၀ သိန်းခန့်တန်ဖိုးရှိ စိန်ဖူးတော်နှင့်ထီးတော်ကြီးကိုတင်လှူပူဇော်မည်ဖြစ်သည်။ **(အပေါ်ပုံ)**

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းလိုပါက မြို့နယ်ကြက်ခြေနီအသင်း အတွင်းရေးမှူး ဦးကျော်စိန်၊ ဂေါပက ဥက္ကဋ္ဌ ဖုန်း ၀၆၂–၃၀၄၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှမြို့တွင်း လမ်းတံတားများ တိုးတက်ကောင်းမွန်ရေးအတွက် ၂၀၀၄ – ၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ပြီးစီးသော စိတ္တသုခကွန်ကရစ် တံတားအား ဩဂုတ်၁၈ရက်က ဒုတိယဗိုလ်မှူးကြီး ဝင်းရှိန် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးမျိုးနိုင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဌွေးတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ချောက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မျိုးဆက်ပွား ကျန်းမာရေးဆရာဖြစ် ဆင့်ပွားသင်တန်းဖွင့်

ချောက် စက်တင်ဘာ ၁

ချောက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော မျိုးဆက်ပွား ကျန်းမာရေးစီမံချက် မြို့နယ်အဆင့် ဆရာဖြစ်ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ရက်က အသင်းရုံးခန်းမတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးသီဟက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေဝင်းက စီမံချက်အကြောင်းနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဖြူပြာက သင်တန်းဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် တိုင်းနာယက အဖွဲ့ဝင်များသည် အသင်းရုံးသစ်ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် သားဖွားခန်း ဖွင့်လှစ်ရန် ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို စက်တင်ဘာ၄ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ကျင်းပရာ ရဲတပ်ဖွဲ့ဝင်မိသားစုများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးမြင့်လွင်ကပေးအပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဝင်းက လက်ခံရယူစဉ်။ (၀၉၇)

အမြို့မြို့ အနယ်နယ် သတင်းများ

ဩဂုတ် ၂၈ရက်က သဃ်န်းညီနောင်ရှိ တပ်မတော်သားများနှင့် မိသားစုဝင်များအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရန် မြဝတီမြို့နယ်ဦးစီးဌာနမှူး ဦးစောချစ်သန်းနှင့်ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးဦးစိုးပိုင်မြင့်နှင့် ဗိုလ်မှူးကျော်ဇေယျတို့က လိုအပ်သည်များ ဆောင်ရွက်ပေးကြစဉ်။ (က–ပ)

ကျေးလက်ပြည်သူများ အသိပညာတိုးပွားရေး သာယာဝတီမြို့နယ်၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

သာယာဝတီ ဩဂုတ် ၃၀

သာယာဝတီခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက်ပြည်သူများ အသိပညာဗဟုသုတတိုးပွားရေးအတွက် သာယာဝတီမြို့နယ် တောင်ပန်းဆွဲကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်ကို ဩဂုတ် ၂၅ ရက်က ကျေးရွာရုံး၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိဦးမောင်မောင်အေးနှင့် ကျေးရွာဥက္ကဋ္ဌဦးစိုးမြင့်တို့က အမြင်သစ် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ခရိုင်ဦးစီးအရာရှိနှင့် ရပ်ကွက်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီးနောက် စာကြည့်တိုက်သို့ အလှူရှင်များက သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။

သာယာဝတီမြို့နယ်တွင် ဩဂုတ်လအတွင်း၌ ကျေးရွာအုပ်စုခုနစ်စုတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

ကျိုက်လတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ အခမဲ့နယ်လှည့်ဆေးကုသရေးလုပ်ငန်းမှ ဆူးကနန်းကျေးရွာအုပ်စုသို့ ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြပာန်၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးသန်းဝင်းနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်ဆရာဝန်ကြီးနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များက လူနာများအား စမ်းသပ်ကုသစဉ်။ (က–ပ)

ဖျာပုံမြို့တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် အဓိကရေမြောင်းကြီးဖြစ်သော ဒုတိယလမ်းဘေးမြောင်းမကြီးတွင် ရေမြောင်းအတွင်း မြက်များခုတ်ရှင်းသယ်ယူခြင်းလုပ်ငန်းကို စက်တင်ဘာ ၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုဦးစီးမှူး(သန့်ရှင်းရေး) ဦးဝင်းအောင်သူ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၅၈)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မိုးရာသီ ခြင်အန္တရာယ် ကင်းဝေးစေရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိဦးမောင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမောင်တို့ ကွင်း ဆင်းကြည့်ရှု ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မင်းဘူးရေမှော်ကန် ရေပိုလွှဲတည်ဆောက်

မင်းဘူး စက်တင်ဘာ ၂

မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မင်းလှကျေးရွာအုပ်စု ကံသာယာကျေးရွာမိုးရေလှောင်ကန်ကျောက်တုံးစီရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းကိုဩဂုတ် ၂၈ရက်က တာဝန်ခံအင်ဂျင်နီယာဦးတင်ဦးနှင့်အဖွဲ့က ကြီးကြပ် ဆောင်ရွက်ပေးကြသည်။

(မြို့နယ်စည်ပင်)

ကျေးလက် သတင်းနှင့် မြင်ကွင်း

သုံးခွမြို့နယ်တွင် ငွေနှင်းဖြူ စာကြည့်တိုက်ဖွင့် ပြည်သူများ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

သုံးခွ စက်တင်ဘာ ၅

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ဖရုံကန်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ငွေနှင်းဖြူစာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၂၉ ရက်က ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးတင်ငွေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးညွှန့်ရွှေနှင့် အလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေဝေခိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲတွင် ကျေးရွာဥက္ကဋ္ဌ ဦးတင်ငွေက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညွှန့်ရွှေက ရပ်ရွာပညာပဒေသာအကြောင်း ရှင်းလင်းပြောကြားပြီး ရန်ကုန်မြို့ လှကမ္ဘာပရိဘောဂ ဦးစောလှိုင်နှင့် ဇနီး ဒေါ်ခင်ညိုသင်း မိသားစုတို့က စာကြည့်တိုက်အတွက် ငွေကျပ်နှစ်သိန်း တန်ဖိုးရှိ ပရိဘောဂများနှင့် စာအုပ်မျိုးစုံ အုပ် ၁၅၀၊ ဒေသခံပြည်သူများက စာအုပ်မျိုးစုံ အုပ် ၂၅၀ ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖွင့်လှစ်ပေး

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့တို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲမှတ်တမ်းတင် ဗီဒီယိုပြသရေးနှင့် ပညာရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မဟာမြိုင်(၂) ရပ်ကွက် တောင်ကုန်းကြီးဓမ္မာရုံ၌ ဩဂုတ် ၂၂ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးဝင်းကိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျိုက်ထိုမြို့ ကင်မွန်းချောင်းကျေးရွာအခြေခံပညာ အထက်တန်းကျောင်း (ခွဲ) ၂၀၀၃ - ၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျောင်းခန်းမ၌ ဩဂုတ် ၃၀ရက်က ကျင်းပရာ သုံးနှစ်ဆက်တိုက် ပထမဆုရရှိသည့် တတိယတန်းမှ မအိဖြူခင်အား မိဘဆရာအသင်းနာယက ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးခင်တိုးက ဆုချီးမြှင့်စဉ်။ (၂၉၄)

ပညာငွေတွင်း ကျေးလက်စာကြည့်တိုက်ဖွင့် စာပေအလှူရှင်များ စာအုပ်မျိုးစုံလှူဒါန်း

အရာတော် စက်တင်ဘာ ၃

မုံရွာခရိုင် အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ဩဂုတ် ၂၅ ရက်က ငွေတွင်းကျေးရွာ၌ ပညာငွေတွင်း ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပညာငွေတွင်း စာကြည့်တိုက်ကို မြို့နယ်အတွင်းရေးမှူး ဦးစိုးစိုးအောင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အတွင်းရေးမှူး ဦးကျော်မြင့်နှင့် ငွေတွင်းကျေးရွာတာဝန်ခံ နယ်မြေမှူးနှင့် ဥပဒေအရာရှိ ဒေါ်ခင်အုန်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် စာပေအလှူရှင် ခုနစ်ဦးက သုတ၊ ရသ စာအုပ်မျိုးစုံအုပ် ၂၀၀ ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေတွင်းနှင့် စက်ပစ္စည်းများ ထိန်းသိမ်းရေး ပညာပေး

ရေဦး ဩဂုတ် ၃၀

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေသည် ဩဂုတ် ၁၄ ရက်က ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖွင့်လှစ်သော ကျေးလက်ရေရရှိရေး လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေတွင်းနှင့် စက်ပစ္စည်းများ ကြံ့ခိုင်ထိန်းသိမ်းရေး ပညာပေးဆွေးနွေးပွဲ အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားသည်။ ကျေးရွာ ၁၄ ရွာမှ စက်ရေတွင်းကော်မတီဝင်များနှင့် စက်ကိုင်တွယ်ထိန်းသိမ်းသူ ၂၈ ဦးတို့အား စက်ရေတွင်းများ ရေရှည်ထိန်းသိမ်းရေးနှင့် ဆောင်ရွက်ရမည့်အစီအမံများကို ဆွေးနွေး ပြောကြားကြသည်။ **(မြို့နယ် စည်ပင်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်

✳ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဆက်သွယ်ပါ။

✳ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ရွှေတောင်မြို့နယ် ကျေးလက်လမ်း ကျောက်ချောခင်း

ရွှေတောင် ဩဂုတ် ၃၁

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့သည် ဩဂုတ် ၃၁ရက်က အဖွဲ့မှ ဆောင်ရွက်သည့် ရွှေနတ်တောင်-ညောင်စာရေး ကျေးလက်လမ်း တောဟိုင်ကျေးရွာနှင့်ပွဲသာကျေးရွာကြား ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို သွားရောက်ကြီးကြပ်ဆောင်ရွက်ကြသည်။ **(ဝဲပုံ)**

ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း ကျေးလက်လမ်းနှင့် တံတားများ တည်ဆောက် ပြုပြင်ရေးအတွက် ငွေကျပ် ၅၂သိန်းနှင့် ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ငွေကျပ် ၂၇၃သမ၅ သိန်းကျခံ သုံးစွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၁၆)**

ကျိုင်းတုံမြို့ သန့်ရှင်းသာယာလှပရေးအတွက် စက်တင်ဘာ ၁ ၂ ရက်က အထက(၂)လမ်း လမ်းပေါက်ဖာထေးခြင်း လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်နေမှုကို အမှုဆောင် အရာရှိ ဦးခင်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဉာဏ်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

မွေးနေ့မင်္ဂလာဆုမွန်လွှာ

၁၁-၉-၂၀၀၄ရက်မှာ ကျရောက်တဲ့ သားချစ်လေး မောင်ဇွဲခန့်ထွန်းလင်းရဲ့ သုံးနှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ အသက်ရှည်၍ အနာကင်းပါစေကြောင်း၊ ကောင်းသော အောင်မြင်တိုးတက်မှုများအားလုံး ထာဝရပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ဘိုးဘို၊ ဘွားဘွားများ
ဦးမောင်သောင်း–ဒေါ်ကြည်ဝင်း
ဦးဝင်းမြင့်–ဒေါ်တင်ဥ
ဖေဖေ–မေမေ
ဦးထွန်းလင်းသောင်း–ဒေါ်ကေခိုင်ဦး။

မွေးနေ့ဆုတောင်း

သားလေး မောင်ဇွဲခန့်ထွန်းလင်း(သားချစ်) ရဲ့ ၁၁-၉-၂၀၀၄ရက်မှာ ကျရောက်တဲ့ မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း ရာကျော်တိုင် ဘိုး–ဘွား၊ ဖေ–မေတို့နှင့်အတူ သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို လျှောက်လှမ်း၍ ထူးချွန်ထက်မြက်တဲ့ ပညာတတ်ကြီး တစ်ယောက်ဖြစ်နိုင်ပါစေ။

Aung Thaung Co.,Ltd. and Electrical Co.,Ltd.
Yangon Transformer မှ ဝန်ထမ်းများ။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်ပညာရေးတက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေး တက္ကသိုလ်တို့တွင် မဟာဘွဲ့ရသူများအတွက် ပညာရေးနည်းပညာ သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းအမည်	–	ပညာရေးနည်းပညာသင်တန်း
လက်ခံမည့်ဦးရေ	–	ရန်ကုန်ပညာရေးတက္ကသိုလ်တွင်(၂၀၀)ဦး စစ်ကိုင်းပညာရေးတက္ကသိုလ်တွင်(၂၀၀)ဦး
လိုအပ်သည့်ပညာအရည်အချင်း	–	တက္ကသိုလ်များမှ မဟာဘွဲ့ရရှိသူများအားလုံး လျှောက်ထားနိုင်သည်။
သင်တန်းဝင်ခွင့်	–	ဝင်ခွင့်အတွက်လိုအပ်ပါက လူတွေ့၊ နှုတ်ဖြေ ဖြေဆိုရမည်။ သင်တန်းဖွင့်လှစ်မည့်နေ့တွင် (၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက (၄၀)နှစ်ထက် မကြီးသူ ဖြစ်ရမည်။
သင်ကြားပို့ချမည့်အချိန်	–	နံနက် (၈း၀၀)နာရီမှ (၁၁း၀၀)နာရီအထိ၊ တစ်ရက်(၃)နာရီ တစ်ပတ်(၅)ရက်၊ စုစုပေါင်း တစ်ပတ်လျှင်(၁၅)နာရီ
သင်တန်းကာလ	–	(၂)လ (ရက်သတ္တပတ် ၈–ပတ်) အောက်တိုဘာလမှ နိုဝင်ဘာလ
သင်တန်းကြေး	–	သင်တန်းကာလ တစ်ခုလုံးအတွက် ကျပ်တစ်သောင်း(၁၀၀၀၀ိ/–)တိတိဖြစ်ပါသည်။ (နေထိုင်စားသောက်ရေးကို မိမိအစီအစဉ်ဖြင့်သာ ဆောင်ရွက်ရပါမည်။)
ပေးအပ်မည့်လက်မှတ်	–	ပညာရေးနည်းပညာသင်တန်းဆင်းလက်မှတ် Certificate in Educational Technology (CET) ပေးအပ်ပါမည်။
လျှောက်လွှာစတင်လက်ခံမည့်ရက်	–	(၁၃-၉-၂၀၀၄) မှ (၂၄-၉-၂၀၀၄)အထိ
လူတွေ့၊ နှုတ်ဖြေပြုလုပ်မည့်ရက်	–	(၂၇-၉-၂၀၀၄) မှ (၂၈-၉-၂၀၀၄)အထိ
လျှောက်လွှာလက်ခံမည့်နေရာ	–	ရန်ကုန်ပညာရေးတက္ကသိုလ်၊ ကျောင်းသားရေးရာ ဌာန၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန
စုံစမ်းရန်	–	ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန၊ ဖုန်း–၅၃၄၂၇၃၊ ၅၂၇၅၂၇
	–	စစ်ကိုင်းပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန၊ ဖုန်း–၀၂–၃၆၆၂၇၊ ၀၂–၃၆၆၇၉
မှတ်ချက်	–	(အထက်မြန်မာပြည်)အတွက် စစ်ကိုင်းပညာရေး တက္ကသိုလ်တွင် လျှောက်ထားနိုင်သည်။

JOB VACANCIES

(For local service only, salary in Kyats)

To improve our customer service profile, our company is seeking for excellent, hardworking candidates to fill the following vacancies.

Marketing Executive (4) post
- Male/ Female
- Graduated, experienced in marketing.
- Fluent in English, Myanmar
- Skill to operate computer software.

Operation & Customer Services (3) post
- Male/ Female
- Graduated.
- Fluent in English.
- Skill to operate computer software.

Interested person may submit the C.V with labour registration card, contact No #, one recent photo and address within one week.

Room # 1,2,3 Ground Floor
FJV Commercial Center, 422/426
Strand Road, Botataung T/S, Yangon.
Tel: 202101 Ext # 143/144,202113.

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
(၃၈)ကြိမ်မြောက် ရန်ကုန်နည်းပညာတက္ကသိုလ်
ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၃–၂၀၀၄ ပညာသင်နှစ်အတွက် ၂၀၀၄ခုနှစ် မတ်လနှင့် ဧပြီလ အတွင်းက ရန်ကုန် နည်းပညာတက္ကသိုလ်နှင့် ပြည်နည်းပညာတက္ကသိုလ်တို့တွင် ကျင်းပခဲ့သော အင်ဂျင်နီယာနှင့် ဗိသုကာဘွဲ့ရစာမေးပွဲအောင်မြင်သူများ၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းများ၊ မဟာဒသနတန်းများ၊ မဟာဘွဲ့တန်းများမှ ဘွဲ့ရရှိသူများနှင့် ပါရဂူဘွဲ့ရရှိသူများအတွက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။

ကျင်းပမည့်နေ့ရက်	–	၂၀-၁၁-၂၀၀၄(စနေနေ့)
ကျင်းပမည့်နေရာ	–	ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ
ကျင်းပမည့်အချိန်	–	နံနက်(၉း၀၀)နာရီမှ မွန်းလွဲ (၁း၀၀)နာရီ
ဘွဲ့နှင်းသဘင်ကြေး	–	ကျပ် ၁၅၀၀ိ/(ကျပ်တစ်ထောင့်ငါးရာတိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်
အဝေးရောက်ဘွဲ့ကြေး	–	ကျပ် ၁၀၀၀ိ/–(ကျပ်တစ်ထောင်တိတိ)
အစမ်းလေ့ကျင့်ရက်	–	၁၉-၁၁-၂၀၀၄(သောကြာနေ့) နံနက် (၉း၀၀)နာရီမှ မွန်းလွဲ (၁း၀၀)နာရီ
လျှောက်လွှာလက်ခံမည့်ရက်	–	(၁၅-၉-၂၀၀၄)ရက်နေ့မှ(၁၅-၁၀-၂၀၀၄) ရက်နေ့အထိ (သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။)

၂။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည် မဟုတ်ပါ။

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များစုံစမ်းသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

ဒေါက်တာအေးအေးစန်း
မော်ကွန်းထိန်းအဆင့်(၁)
ရန်ကုန်နည်းပညာတက္ကသိုလ်။

(ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၁၃၈၈ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် (၃၀)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း**။

အမည်ပြောင်း

ဦးရီလျှံနား၏သား မောင်ဂျိမ်းစဘွန်း ၁၂/မဂဒ(နိုင်)၀၉၁၁၄၉ အား မောင်ရဲဝင်းထွဋ်ဟု ပြောင်းလဲ ခေါ်ပါရန်။

မောင်ရဲဝင်းထွဋ်။

အများသိစေရန်

တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်းရပ် ရွှေဝါလမ်း အမှတ် ၁၂၀နေ ဒေါ်အေးညို ၁၃/တကန (နိုင်)၁၃၂၃၁၇၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်းရပ် မြေတိုင်းရပ်ကွက်အမှတ် ၁၅ ဦးပိုင် ၇၇–ခ၊ မြေကွက် အမှတ် (၈၇/၁၆၀) မြေချိန်ဧရိယာ ၀ဒသမ ၁၁၅ ဧကရှိ ဒေါ်သန်းနွယ် အမည်ပေါက် နှစ် (၂၀)မြေငှားဂရန်မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးညိုမှ ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။

အဆိုပါမြေကွက်အား ဒေါ်အေးညိုအမည်သို့ပြောင်းလဲရန် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ နှစ်ပတ်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးညို၏ညွှန်ကြားချက်အရ–

ဦးရဲမင်းစိုး
တရားရုံးချုပ်ရှေ့နေ (၅၁၁၁)
၂၆၂၊ ပင်းယ(၁၁)လမ်း၊ ၅ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၅)

မန္တလေးတိုင်းတရားရုံးတော်၌

၂၀၀၃ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၅၇ နှင့် ဆက်သွယ်သည့် ၂၀၀၄ ခုနှစ်၊ တရားမဇာရီမှု အမှတ် ၁၄၁

ဒေါ်ခင်သန်းဌေး (မြင့်အောင်ဟိန်း **နှင့်** ၁။ ဦးမြင့်အောင်
ငွေစုငွေချေးစာရင်းရှင်းတာဝန်ခံ) ၂။ ဒေါ်ရွှေအုံ

ဒီကရီအနိုင်ရသူ **တရားရှုံး**

(၁)ဦးမြင့်အောင်(၂)ဒေါ်ရွှေအုံ အမှတ်(၆၅/ဓ)အကွက်(၄၅) ဒေါနဘွားရပ်၊ အောင်မြေသာဇံ မြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်မသိ) သိစေရမည်။

မန္တလေးတိုင်း တရားရုံး တရားမကြီးမှုအမှတ် ၄၅၇/၂၀၀၃ တွင် ပါရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ခင်သန်းဌေးက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်း တစ်ခုခုရှိလျှင် ပြ၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၂၄ ရက် (၁၃၆၆ ခုနှစ် တော်သလင်းလဆန်း ၁၁ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မေတင့်
တွဲဖက်တိုင်းတရားသူကြီး(၃)။



ဖခင်အမည်မှန်

အထက(၁)မင်္ဂလာတောင်ညွန့် ဒသမတန်း(E)မှ မကဥ္ဆနာကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့် (ခ) ဦးမြင့်အောင် ၁၂/မဂတ(နိုင်) ၀၇၅၆၃၈ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဒဂုံမြို့နယ် အထက(၂)ဒဂုံ၊ ဒုတိယတန်း(A)တွင် ပညာသင်ကြားနေသော မောင်ထိန်လင်း၏ ဖခင် အမည်မှန်မှာ ဦးကျော်စွာ ၁၂/လမတ (နိုင်) ၀၁၇၁၀၈ ဖြစ်ပါကြောင်း။ **ဦးကျော်စွာ။**

အမည်ပြောင်း

ဦးအောင်ခိုင်၏သမီး တောင်ငူ–ကေတုမတီမြို့သစ် အထက ဒသမတန်း (တွဲ–၇)မှ မအိဖြိုးသျှန်အား မအေးသက်ပုံဟု ပြောင်းလဲခေါ်ပါရန်။

မအေးသက်ပုံ။

အမည်ပြောင်း

ဦးမြင့်မောင်–ဒေါ်ခင်မာရီတို့၏သား လေ့ကျင့်ရေးအလက(ထားဝယ်) ဆဋ္ဌမတန်းမှ မောင်ဖြိုးဟိန်းထက်အား မောင်ဖြိုးဟိန်းကျော်ဟု ခေါ်ပါရန်။ **မောင်ဖြိုးဟိန်းကျော်။**

အများသိစေရန်

ကိုပြုံးချို T/GKM-၀၅၀၃၃၅ နှင့် မအေးမြရွှေ S/OKA-၁၂၀၄၅၉ တို့သည် ၂၂-၉-၂၀၀၃ရက်တွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး သဃ်န်းကျွန်းမြို့နယ်တွင် နှစ်ဦးသဘောတူ တရားဝင် ကွာရှင်းပြတ်စဲပြီးပါကြောင်း။ နောက်နောင် ကျွန်တော်၏ ကိုယ်ရေးကိုယ်တာကိစ္စများ ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိပါကြောင်းနှင့် ဝင်ရောက်စွက်ဖက်ပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ကိုပြုံးချို T/GKM-၀၅၀၃၃၅။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
၂၀၀၄–၂၀၀၅ ပညာသင်နှစ်
လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်း သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ပညာရေးကောလိပ်များတွင် လုပ်ငန်းခွင်အကြို ဆရာအတတ် သင်တန်း အမှတ်စဉ်(၉) သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါ၍ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူသည် အောက်ပါအရည်အချင်းများ ပြည့်စုံရပါမည်–

(က) ၂၀၀၃ ခုနှစ် (သို့မဟုတ်) ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဖြေဆိုအောင်မြင်ပြီးရမှတ်စုစုပေါင်း (၂၈၀)ထက် မနည်းသူဖြစ်ရမည်။
(ခ) လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံစာ မူရင်းနှင့် စာမေးပွဲအမှတ်စာရင်း၊ ဓာတ်ပုံမိတ္တူတို့ကို ပူးတွဲတင်ပြရပါမည်။
(ဂ) ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၂)ရက်နေ့တွင် အသက်(၂၅)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
(ဃ) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
(င) မြန်မာနိုင်ငံအတွင်း ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) မြန်မာနိုင်ငံအတွင်းရှိ ပညာရေးကောလိပ်များတွင် တက်ရောက်နိုင်ရမည်။
(ဆ) သင်တန်းပထမနှစ် အောင်မြင်ပြီးသူအား ဆရာအတတ်သင် ပညာရေးလက်မှတ် (Certificate in Education) ချီးမြှင့်ပြီး မူလတန်းပြဆရာ၊ ဆရာမအဖြစ် ခန့်ထားပေးမည်။ ဒုတိယနှစ် အောင်မြင်သူအား ဆရာအတတ်ပညာ ဒီပလိုမာလက်မှတ်(Diploma in Teacher Education) ချီးမြှင့်ပြီး အလယ်တန်းပြ (မူလတန်းတာဝန်) သို့မဟုတ် မူလတန်းပြ ဆရာ/ဆရာမ အဖြစ်ခန့်ထားပေးမည်။ ထူးချွန်သူများအား ပညာရေးဘွဲ့ (ဘီ၊ အီး ဒီ) သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။
(ဇ) ပညာရေးကောလိပ် သင်တန်းတက်ရောက်နေစဉ်အတွင်း သင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့်မပြုပါ။
(ဈ) ပထမနှစ် သင်တန်းကာလမှာ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ (၂၂)ရက်မှ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ (၁၅) ရက်နေ့အထိ ဖြစ်ပါသည်။

၃။ လူတွေ့နှုတ်ဖြေ ဖြေဆိုရမည့်ရက်ကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် ထပ်မံကြော်ငြာပါမည်။

၄။ လျှောက်ထားသူ၏ မိဘနှစ်ပါး (သို့မဟုတ်) မိဘတစ်ဦးဦးသည် နိုင်ငံတော်အစိုးရဌာန တစ်ခုခုတွင် ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ဝန်ထမ်းဖြစ်ကြောင်း၊ ထောက်ခံစာကို သင်တန်းဝင်ခွင့် လျှောက်လွှာ ပုံစံနှင့်အတူ ပူးတွဲတင်ပြရပါမည်။

၅။ လျှောက်ထားသူသည် ပူးတွဲပါသင်တန်းဝင်ခွင့် လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ရေးသား ဖြည့်သွင်းထားသော လျှောက်လွှာပုံစံတွင် ခြောက်လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ (မျက်မှန်တပ်သူဖြစ်ပါက မျက်မှန်နှင့် ဓာတ်ပုံတစ်ပုံ၊ မျက်မှန်မပါဘဲတစ်ပုံ)ကိုကပ်၍ ပူးတွဲရမည့် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာ ပြည်နယ်တိုင်း ပညာရေးမှူးရုံး (သို့မဟုတ်) တွဲဖက်ပြည်နယ်/တိုင်းခွဲ ပညာရေးမှူးရုံးသို့ ၂၀၀၄ ခုနှစ် အောက်တိုဘာလ (၄)ရက်နေ့ထက် နောက်မကျစေဘဲ ပေးပို့ရပါမည်။

ဘိုဝင်း
ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ။ ။ ၂၀၀၄ ခုနှစ် စက်တင်ဘာလ (၉) ရက်

၂၀၀၄–၂၀၀၅ ပညာသင်နှစ်
လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်း အမှတ် (၉/၂၀၀၄)
သင်တန်းဝင်ခွင့်လျှောက်လွှာ
[၂၀၀၃–၂၀၀၄ ခုနှစ် (သိပ္ပံ/ဝိဇ္ဇာ)တွဲ*]

၁။ လျှောက်ထားသူ၏ အကြောင်းအရာ

အကြောင်းအရာ	အမည်	နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏ မွေးသက္ကရာဇ်––––––ခုနှစ်၊––––––––လ၊––––––––ရက်
၃။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနနှင့်ပြည်နယ်/တိုင်း––––––––––––––––––––––––––
––––––––––––––တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့်ခုနှစ်––––––––––––––––––––––––––––
အောင်မြင်ခဲ့သည့်ဘာသာတွဲ––––––––––––––––––ရမှတ်စုစုပေါင်း––––––––––––––––––––––––––
၄။ အိမ်ထောင်ရှိ/မရှိ(ရှိပါက)ဇနီး/ခင်ပွန်းအမည်––
နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်–––
၅။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ–––
–––
၆။ မူလတန်းပြအဖြစ်ခန့်ထားပါက မြန်မာနိုင်ငံအတွင်း နေရာဒေသမရွေး တာဝန်ထမ်းဆောင် နိုင်ခြင်းရှိ/မရှိ––

ရက်စွဲ။ – – ၂၀၀၄

––––––––––––––––
လျှောက်ထားသူလက်မှတ်

မှတ်ချက်။ * မိမိနှင့်မသက်ဆိုင်သည့် တက္ကသိုလ်ဝင်တန်းအောင်သော ခုနှစ်/ဘာသာတွဲကို မျဉ်းသား၍ခြစ်ရန်။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မတင်စန္ဒာ ၁၂/သဃက (နိုင်) ၀၄၁၀၁၄ သည် မိဘများအပေါ် စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ပြီး မိမိ သဘောအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဖခင်–ဦးခင်မောင်ရွှေ။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၈၆၈၃ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း။**

မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ည/၄၉၃၃ မော်တော်ယာဉ် လက်ဝယ်ရှိသူ ဦးမြင့်သန်း မှတ်ပုံတင်အမှတ် ၁၀/ကထန(နိုင်)၀၆၁၃၉၈ ကမော်တော်ယာဉ် မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကညန၊ ခရိုင်ရုံး(သထုံ)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန(ခရိုင်ရုံး)သထုံ။

ဝဏ္ဏကျော်ထင်
ဦးရှိန် (မုံရွာမြို့)
(အငြိမ်းစား ခရိုင်ဝန်)
အသက်(၉၈)နှစ်

ချောင်းဦးမြို့နေ (ဦးပိုင်-ဒေါ်ခန့်)တို့၏သား၊ စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ ဆူးလေကုန်းရပ်ကွက်၊ ဘူတာလမ်း၊ အမှတ် ၂၀ နေ (ဒေါ်ခင်လှ)၏ခင်ပွန်း၊ ဒေါ်ငွေတင်၊ (ဒေါ်ငွေဇင်)၊ ဒေါ်လှအေး၊ ဒေါ်လှဌေး၊ ဒေါ်လှကြွယ်-ဦးဘကျား တို့၏အစ်ကိုကြီး၊ ဦးဝင်းရှိန်-ဒေါ်ရီရီချစ်၊ ဒေါ်နုနုခင်-ဒေါက်တာသန်းထိုက်၊ ဒေါ်နုနုရီ၊ ဦးမျိုးရှိန်-ဒေါ်မိမိလေး၊ ဒေါ်မေပုလဲ-ဦးသန်းလွင်၊ ဒေါ်သန်းသန်းမြင့်၊ ဦးဘိုဘို-ဒေါ်မျိုးမေ၊ ဒေါ်ကြည်ကြည်ဝင်းတို့၏ဖခင်ကြီး၊ မြေး ၁၂ယောက်တို့၏ အဘိုး၊ တူ တူမ ငါးယောက်တို့၏ဦးလေးသည် ၉-၉-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပြီဖြစ်ပါ၍ ၁၁-၉-၂၀၀၄ရက် ညနေ ၄ နာရီတွင် မုံရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

မန္တလေးတက္ကသိုလ် ရူပဗေဒဌာန၊ ပါမောက္ခ၊ဌာနမှူး ဒေါက်တာမြင့်သိန်း၏ဇနီး ဒေါက်တာဒေါ်မြရွှေသည် ၃-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ဆရာဒေါက်တာမြင့်သိန်း၏ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ရူပဗေဒမိသားစု၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြင့်မြင့်အေး
အသက်(၆၉)နှစ်

ထွန်းလင်းရောင်နှင့်ရွှေရောကုမ္ပဏီလီမိတက်မှ စာရင်းကိုင် ဒေါ်မော်မော်သာဆိုင်၏မိခင်ကြီးသည် ၉-၉-၂၀၀၄ရက်တွင်ကွယ်လွန်သွားကြောင်းသိရှိရ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ထွန်းလင်းရောင်နှင့်ရွှေရောကုမ္ပဏီ မိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြင့်မြင့်အေး
အသက်(၆၉)နှစ်

ထွန်းလင်းရောင်နှင့်ရွှေရောကုမ္ပဏီလီမိတက်မှ စာရင်းကိုင် ဒေါ်မော်မော်သာဆိုင်၏မိခင်ကြီးသည် ၉-၉-၂၀၀၄ရက်တွင်ကွယ်လွန်သွားကြောင်းသိရှိရ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Diamond Dragon Co., Ltd. မိသားစု။

ဘုရားဒါယကာကြီး
ဦးစိန်ထွန်း
B.A Dip; ED
အထက်တန်းကျောင်းအုပ်(ငြိမ်း)
အသက်(၆၉)နှစ်

မုံရွာမြို့နေ ဦးသာဝင်း-ဒေါ်စောရွှေ၊ မန္တလေးမြို့၊ ဇောတိကုန်းရပ်၊ သီရိရတနာခြံနေ ဒေါ်မိမိစိန်(အလက-၁၊ ငြိမ်း)၏ခင်ပွန်း၊ ဦးကိုလေး-ဒေါ်ဝေဝေမြိုင် (အလက-၁၂)၊ ဦးထွန်းအောင် (ပုသိမ်ကြီး မြေစာရင်းရုံး) - ဒေါ်ညိုညိုဝင်း၊ ဦးထွန်းမျိုးသန့်(မြန်မာ့စီးပွားရေးဘဏ်-၂)-ဒေါ်မျိုးမျိုးသိန်း၊ ဦးကျော်ထွန်းအေး (တိုင်းမြေစာရင်း)၊ကိုဗညားမင်းမင်းထွန်း M.Sc(Maths)တို့၏ဖခင်၊ မောင်စိုးမင်းထွန်း၊ မောင်ဘဏ်မင်းကို၊ မရွှေရည်ထွန်း၊ မောင်မြတ်ဘုန်းသစ်၊မောင်ဖြိုးမင်းဟန်(အထက-၁၄)တို့၏ အဘိုးသည် ၁၀-၉-၂၀၀၄ရက် နံနက် ၁၁း၀၅နာရီတွင်ကွယ်လွန်သွားပါ၍ ၁၁-၉-၂၀၀၄ ရက် ညနေ ၃ နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ တန်ဆောင်းဒါယိကာမ
ဒေါ်ခင်လှ
(မင်္ဂလာမွန်ဈေး)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ၁၅၂ လမ်း၊ အိမ်အမှတ် ၁၂၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ အဘိုး (ဦးရွှေမောင်)၏မြေး၊ (ဦးတိန်း သာယာဝတီ ငွေတိုက်အရာရှိ၊ ငြိမ်း- ဒေါ်အုန်း)၊ (ဦးသက်-ဒေါ်ကြည်)တို့၏ သမီး၊ ဦးကျော်ဇံမြင့်(လ/ထ၊ တိုင်းပညာရေးမှူး၊ ငြိမ်း)၏ဇနီး၊ ဦးသန်းဌေးအောင် (နှင်းနှင်းခိုင်ကုမ္ပဏီ)၊ ဦးကံကြီး-ဒေါ်ခင်သင်းကြူ(ဗိုလ်ချုပ်ဈေးသစ်)၊ဦးအောင်ဆန်းမြင့်-ဒေါ်သန်းသန်းဌေး (ကျောင်းအုပ်၊အမက-၂၂၊တာမွေ)၊ ဦးမောင်မောင်သာစု-ဒေါ်ခင်သင်းမာ၊ဦးဝဏ္ဏလှကျော်-ဒေါ်လှမြင့်သူ(မင်္ဂလာမွန်ဈေး)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၀-၉-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁း၁၅နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သမီး မခင်အေးလွင်သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးကုလား(ခ)ဦးလှရွှေ
၁၂/တတန(နိုင်)၁၀၃၇၃၆။

[illegible]

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာဦးသစ်လွင်(အခန်း ၅/၆၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၏မိခင် ဒေါ်မမကြည် (လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်)သည် ၁-၉-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အရိုးရောဂါအထူးကုဆေးရုံကြီးဝန်ထမ်းမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာဦးသစ်လွင် (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၏မိခင် ဒေါ်မမကြည်(လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်)သည် ၁-၉-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံဆရာဝန်အသင်း၊အရိုးရောဂါကုဆရာဝန်များအဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း

ဦးထင်ချို(Managing Director, Shining Star Tours Express Ltd.)သည် ၉-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် Shining Star Tours Express Ltd. မှဝန်ထမ်းများအနေဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

The Family of Shining Star Tours Express Ltd.။

ဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးဆွေ-ဒေါ်မိမိသက် စိန်ဟင်းရတနာရွှေဆိုင်နှင့်စတိုး(ပဲခူး)တို့၏မိခင် ဒေါ်ရွှေကျင်ရှုန်(ဒေါ်ပင်စီ)သည် ၉-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ကိုအောင်ကျော်ဦး-နန်းစံဟွမ်ဆိုင်
(ဝါဝါဝင်း စိန်ရွှေရတနာဆိုင်)။

ဝမ်းနည်းကြေကွဲခြင်း

ဦးနေထွန်း(ဥက္ကဋ္ဌ၊ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) သူငယ်ချင်း ၂၃-၈-၂၀၀၄ရက်မှာ မမျှော်လင့်ဘဲ ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ
လင်းကျော်(နည်းပညာကောလိပ်၊ဟင်္သာတ)
မြင့်ခိုင်၊အောင်မိုး-သန်းသန်းအေး(ထွန်းဝင်းအောင်ပွဲရုံ၊ ဟင်္သာတ)။

ဦးငွေလွင်
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ အနော်မာရပ်ကွက်၊ လမ်းသစ် ၂ လမ်း၊ အမှတ် ၇ နေ (ဦးဘစိန်-ဒေါ်ရွှေဖြန့်)တို့၏သား၊ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးမောင်ကို - မမြင့်မြင့်လွင် (ဒေါ်ပုံ၊ စည်ပင်)၊ မညိုညိုလွင်(ဒေါ်ပုံ၊ စည်ပင်)၊ ဦးအောင်ဇော်မင်း - မသက်သက်လွင် (သတင်းတပ်ဖွဲ့)၊ ဗိုလ်မှူးဇော်ရန်နိုင်- မနွယ်နွယ်လွင် (Exotissimo Travel)၊ မခင်ဆွေလွင်(စည်ပင်၊ယာ/အုံ)၊ ကိုရဲနန္ဒလွင်(ဒဂုံတောင်တရားရုံး)- မသင်းသင်းဆွေတို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၀-၉-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၂-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးပါ (ရမည်းသင်း)
ကျောင်းဆရာကြီး(ငြိမ်း)
အသက်(၇၃)နှစ်

ပျဉ်းမနားမြို့၊ရွာကောက်ရပ်၊ပန်းခင်းကွက်သစ် ၈လမ်း၊အိမ်အမှတ် ၆/၂၂၆ နေ ဒေါ်မြမြခင်၏ခင်ပွန်း၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်နေ (ဦးလုံး) ဒေါ်ကြည်ကြည်တို့၏အစ်ကို၊ မန္တလေးမြို့၊ အမှတ်(၂)တည်ဆောက်ရေး၊ရဲရွာရေအား လျှပ်စစ်စီမံကိန်းနေ ဦးထွန်းနိုင်ဦး (ဦးစီးမှူး၊လျှပ်စစ်)ဒေါ်မာမာမွန်(J.A.T၊ ငြိမ်း)၊ (မခင်မြတ်မွန်)တို့၏ဖခင်၊ မောင်ကောင်းပြည့်စုံဦး၊ မောင်သက်ဇာနည်ဦး၊ မောင်ဇေသက်ပိုင်ဦးတို့၏အဘိုးသည် ၃၀-၈-၂၀၀၄ရက် နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရွာကောက်မြို့မ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်ရီ(ခ)ဒေါ်ခင်ရီ
(ဘိုကလေး)
အသက်(၇၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊သုမန ၃ လမ်း၊ ၈၅၁ နေ (ဦးကျင်ပန်း-ဒေါ်သိန်းကြည်)တို့၏ သမီး၊ ဦးလေးမြင့်၏ဇနီး၊ ဒေါ်မြင့်မြင့်ရီ (စီစစ်တိုး)-ဦးတိုးတိုးအေး၊ ကိုအောင်သန့်၊ မောင်ဇေယျာအောင်တို့၏မိခင်၊ မမြတ်မီမီတိုး(ထ-၂၊ သဃ်န်းကျွန်း)၏ အဘွားသည် ၁၀-၉-၂၀၀၄ရက် နံနက် ၃ နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် စံပြဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မြိတ်အသင်း
ဒေါ်မမာ (မြိတ်)
အသက်(၇၃)နှစ်

ရန်ကုန်တိုင်း၊ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၁၄၇ နေ ဦးကျော်လှ(တပ်မတော်-ရေ၊ ငြိမ်း)၏ ဇနီး ဒေါ်မမာ(ရာသက်ပန်အသင်းဝင် အမှတ်-၂၉၆၉)သည် ၈-၉-၂၀၀၄ရက်တွင် နေအိမ်၌အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးကဘာရ်စတန်၌ဒါဖနာပြုပြီးစီးပါကြောင်း သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa Kham Lian Dal
B.Sc (Che;)
ဦးစီးအရာရှိ(ငြိမ်း)၊လူမှုဝန်ထမ်းဦးစီးဌာန
အသက်(၄၉)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့၊ စကောလမ်းရပ်ကွက်နေ (Pu Lian Za Thawn)-Pi Ning Kho Dim တို့၏သား၊ ရန်ကုန်မြို့၊ စကားဝါလမ်း၊ အမှတ် ၅၄၊ တိုက် ၁၊ အခန်း ၁၆၊ ဆောက်လုပ်ရေးအရာရှိရိပ်သာနေ ဒေါ်သန်းသန်းမူ (လက်ထောက် အင်ဂျင်နီယာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၏ ခင်ပွန်း၊ မချိုချိုဦး၊ မအေးအေးသန်း တို့၏ဖခင်၊ (Pa Hau Lian Thang- Nu Niang Khan Suan)၊ Nu Huai Khan Cing - Pa Lian Khan Mang တို့၏ညီ/မောင်၊ Pa Dal Suan Mang - Nu Ning Suan Cing၊ (Tg Suan Khan Kham)တို့၏အစ်ကိုသည်၉-၉-၂၀၀၄ ရက် ညနေ ၄နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၁-၉-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ် ၂၆ လမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ EBC ဘုရားကျောင်းနှင့် မြေနီကုန်း ဓမ္မာရုံ လမ်းရှိ FBTS တို့မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ မုခ်ဦးဒါယိကာမကြီး သဟာယပွဲရုံမိခင်ကြီး
ဒေါ်ငွေညွန့်
ဆရာမကြီး(ငြိမ်း)
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၄ လမ်း၊ အမှတ် ၃၃/၃၅ နေ ပွဲစားကြီး (ဦးအုန်းဖေ)၏ဇနီး၊ ဦးသန်းအောင်ဖေ (သဟာယ)၊ ဒေါ်နီနီဝေတို့၏မိခင်၊ ကိုရဲထွဋ်အောင်(သဟာယ)-မနုနုယဉ် (ကြာညိုသင်းအလှကုန်)တို့၏အဘွား၊ မဆုလဲ့ဝတီ၏ဘွားဘွားကြီးသည် ၁၀-၉-၂၀၀၄ရက် နံနက် ၁း၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပေါင်းတည်အသင်း(ရန်ကုန်မြို့)
ဒေါ်မြသွယ်
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ၅၂/ဘီ၊ မြိုင်ဟေဝန်လုံးချင်းအိမ်ရာ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်နေ(ဗိုလ်မှူးညွန့်မောင်)၏ဇနီး၊ ရာသက်ပန်အသင်းဝင် ဦးတင်မြင့်၏မိခင် ရာသက်ပန်အသင်းဝင် ဒေါ်မြသွယ်သည် ၉-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁- ၉-၂၀၀၄ရက် နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်နှင့်ကမာရွတ် လှည်းတန်းဂုံးဆင်း အထက(၅)ရှေ့ စုရပ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ဦးတင်မြင့်(ခ)ဦးငွေလျှံ
(လှကြေးမုံဓာတ်ပုံတိုက်)
အသက်(၇၇)နှစ်

ရန်ကုန်တိုင်း၊ကျောက်တံတားမြို့နယ်၊ ၃၉လမ်း၊ အမှတ် ၂၀၇(ပထပ်၊ ယာ)နေ (ဦးကြည့်ဝမ်-ဒေါ်ကျန်)တို့၏သားကြီး၊ ဒေါ်ကျင်ဟို၏ခင်ပွန်း၊မသန်းသန်းဝင်း-ကိုခင်ဇော်၊ မယဉ်ယဉ်မြ၊ မမြမြသန်း၊ မစန်းစန်းမြင့်၊ ကိုတင်မောင်ဆွေ-ယွဲ့ယုံရှု၊ မမြမြဝင်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၀-၉-၂၀၀၄ရက် (သောကြာနေ့) ညနေ ၄း၄၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၂-၉-၂၀၀၄ရက် နံနက် ၁၁နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (၃၉လမ်း နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်သန်း
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)
အသက်(၆၅)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၄၂၀ နေ (ဦးနီတွတ်-ဒေါ်လှစိန်)တို့၏ သား၊ ဦးခင်မောင်- ဒေါ်တင်ဝင်းတို့၏ မောင်၊ (ဒေါ်စိုးဆင့်)၏ခင်ပွန်း၊ ကိုဇင်မောင်၊ ကိုတင်လှိုင်-မအေး၊ မစန်းစန်းလွင်-ကိုစိုးထွဋ်မင်း(ခ)ပေါက်ဖော်၊မစန်းစန်းအေး-ကိုမိုးကျော်(သ/မဦးစီး)၊မစန်းစန်းဌေးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၀-၉-၂၀၀၄ရက် (သောကြာနေ့)နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၀၄ ရက်(တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဌေးကြည် (ဝါးခယ်မ)
အသက်(၅၈)နှစ်

ဝါးခယ်မမြို့ (ဦးချစ်ဖေ-ဒေါ်အေးတင့်)တို့၏သမီး၊ (ဦးခွေးနီ)-ဒေါ်ပွားတို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၈၁ (မြေညီထပ်) နေ (ဦးမင်းထွန်း)၏ဇနီး၊ ဦးတင်ဝင်း (ဗိုလ်ကြီး၊ ငြိမ်း)-ဒေါ်လှိုင်လှိုင်ယဉ်တို့၏ ညီမ၊ မယမင်းထွန်း(ခ)မင်းမင်း၊ ကိုမျိုးသက်အောင်၊ (မအိဖြူမင်းထွန်း)၊ မောင်လင်းမင်းထွန်း၊မောင်သုခမင်းထွန်းတို့၏ မိခင်သည်၁၀-၉-၂၀၀၄ရက်(သောကြာနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဆည်မြောင်း၊ဝန်ထမ်းဟောင်းများအသင်း
ဦးကြင်စိုး
မြို့နယ်ဦးစီးဌာနမှူး(ငြိမ်း)
(ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်)
အသက်(၈၀)

တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၇၅၈၊ ကျော်သူ ၂၁ လမ်း၊ (၉)ရပ်ကွက်နေ ဦးကြင်စိုး (ရာသက်ပန်အသင်းဝင် အမှတ်-၃၁၅)သည် ၈-၉-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၀-၉-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

ရဟန်းဒါယကာ
ဦးရေး (ပျဉ်းမနား)
အသက်(၇၄)နှစ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဗဟန်း ၃ လမ်း၊ အမှတ် ၄၁ နေ (ဦးနီ-ဒေါ်နှင်းနု)တို့၏သားသမက်၊ (ဦးအောင်ကြီး-ဒေါ်မြရီ)တို့၏သား၊ ဒေါ်စိန်လှိုင်၏ခင်ပွန်း၊ ဦးအေးကျော်၊ ဒေါ်သန်းသန်းနု၊ ဒေါ်ခင်မြရီ၊ ဦးမိုးကျော်-ဒေါ်တင်တင်ထွေးတို့၏ဖခင်၊ မောင်ရဲမင်းဟိန်း (အမက-၁၊ ဒဂုံ)၏ အဘိုးသည် ၉-၉-၂၀၀၄ရက် (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၀၄ရက် (စနေနေ့) ညနေ ၃နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပျဉ်းမနားမြို့နယ်အသင်း
ရဟန်းဒါယကာ
ဦးရေး
အသက်(၇၄)နှစ်

ရန်ကုန်တိုင်း၊ဗဟန်း ၃ လမ်း၊အမှတ် ၄၁ နေ (ဦးနီ-ဒေါ်နှင်းနု)တို့၏ သားသမက်၊ (ဦးအောင်ကြီး-ဒေါ်မြရီ)တို့၏ သား၊ ဒေါ်စိန်လှိုင်၏ခင်ပွန်း၊ ဦးအေးကျော်၊ ဒေါ်သန်းသန်းနု၊ ဒေါ်ခင်မြရီ၊ ဦးမိုးကျော် - ဒေါ်တင်တင်ထွေးတို့၏ ဖခင်သည် ၉-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၉-၂၀၀၄ရက် (စနေနေ့)ညနေ ၃နာရီတွင်ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီအဗ္ဗဒူရ်ဟာကင်(မ်)[ခ]
ဦးခင်မောင်လတ်
တကက/စရ(ပ) [ငြိမ်း]
အသက်(၆၇)နှစ်

သန်လျင်မြို့၊အမှတ် ၄၊ဘုရားလမ်းနေ (ဦးကာစင်-ဒေါ်စိန်မေ)တို့၏သားလတ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ စကားဝါလမ်း၊ အမှတ် ၁၆ နေ (ဟာဂျီဦးမူရာဒ်-ဒေါ်အုံးတင်၊ စတားပုံနှိပ်တိုက်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၉၉၊ ၂၇ လမ်းနေ ဒေါ်ရိုကီယာ(ခ)ဒေါ်ခင်သန်းဝေ၏ခင်ပွန်း၊ ဟာဂျီဦးအောင်ကျော်ဦး(B.Sc,Phy)-ဒေါ်သန်းသန်းအေး(ခ)မဝိုင်း၊ ဦးအာဂျူတီလီလီ-ဒေါ်ရီရီမြင့်၊ ဟာဂျီဦးထွန်းထွန်းလတ်-ဒေါ်ယုယုသန်း (B.Sc, Phy)၊ မထွေးထွေးလတ်၊ ဦးထွဋ်ထိပ်-ဒေါ်ဌေးဌေးလတ်၊ မစီစီလတ်၊ မောင်သန်းထူးလတ်တို့၏ဖခင်၊ မိုဟာမက်တီလ်လီ၊ မစ်ပါးတီလ်လီ၊ သူရထွန်း၊ ယွန်းဝတီထွန်း၊ လတ်ယမင်းထွဋ်တို့၏ အဘိုးသည် ၈-၉-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက်၉း၄၅နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွာရ်အပြီးတွင် သန်လျင်ကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေး (ဥက္ကံ၊ပျဉ်းမကုန်း)
စာရင်းကိုင်(၃)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ငွေစာရင်းဦးစီး
အသက်(၅၇)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ် ၁၁ နေ ဦးအောင်သိန်း၊ ဒေါ်ခင်ပုတို့၏သမီး၊ ဦးဖိုး၊ ဒေါ်ကြင်မြတို့၏သမီးချွေးမ၊ ဦးကျော်ဝင်း၊ ဒေါ်ကြင်ယုံ၊ ဦးစိုးတင်၊ ဒေါ်နွဲ့နွဲ့ဝင်းတို့၏ ညီမ၊ ဦးမြင့်တင်၊ ဒေါ်တင်ပိုက်တို့၏ အစ်မ၊ ဦးစန်းမြိုင်၏ဇနီး၊ မခိုင်သဇ္ဇာစံ၊ မောင်နေလင်းအောင်တို့၏ မိခင်သည် ၁၀-၉-၂၀၀၄ရက် မွန်းလွဲ ၁း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၂-၉-၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးမြိုင်
(တောင်ချောင်းဆုံရွာ၊တန့်ဆည်)
တန့်ဆည်မြို့နယ်
ရာသက်ပန်အသင်းဝင်
အသက်(၇၀)

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ အမှတ် ၃၃၆၊ ရွှေနှင်းဆီ ၆ လမ်းနေ (ဦးဖိုးဝယ်-ဒေါ်ပု)တို့၏သား၊ ဦးကျော်ဇင်-ဒေါ်ဌေးဌေးဝင်း၊ ဦးဇော်ကြီး-ဒေါ်တင်မာသန်း၊ (ကိုထွန်းထွန်းလွင်)၊ (ကိုထွန်းထွန်းနိုင်)- မချိုချိုသန်း၊ ကိုကျော်ဟန်-မဌေးဌေးလတ်၊ ကိုသန်းနိုင်-မကြည်ကြည်မြင့်တို့၏ဖခင်၊ ဒေါ်ငြိမ်း၏ခင်ပွန်း၊ မြေးကိုးယောက်တို့၏အဘိုးသည် ၈-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၃၀နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးထင်ချို
M.D Shining Star Tours Express Co., Ltd.
(မြန်မာ့လက်ရွေးစင် ဘောလုံး သမားဟောင်း၊စာတိုက်/ကြေးနန်း)
အသက်(၅၆)နှစ်

မရမ်းကုန်းမြို့နယ်၊အမှတ်(၃)ရပ်ကွက်၊ ကန်သာယာလမ်း၊ အမှတ် ၄နေ (ဦးချိုအေး-ဒေါ်မြဆု)တို့၏သား၊ (ဦးထွန်းမြိုင်-ဒေါ်ရဲလာ)တို့၏သားသမက်၊ ဒေါ်သန်းမူ၏ခင်ပွန်း၊ မချိုချိုဝင်း-ကိုမင်းထွန်းသိန်း၊ကိုသန်းထင်အောင်-မယမင်းသီရိ၊ မချိုချိုယဉ်၊ မမြတ်မြတ်ချို၊ ကိုရဲထင်အောင်တို့၏ဖခင်၊ မမြတ်နိုးပွင့်ဖြူ၊ မချမ်းမြေ့မွန်တို့၏အဘိုးသည် ၉-၉-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၃း၄၅နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၉-၂၀၀၄ရက်(စနေနေ့) နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ် ရန်ကုန်-အင်းစိန်လမ်း၊ အမှတ် ၁၀၈/ အေ၊ ဇဝံဂေလိအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးခင်စိုး (Bosun)
M.V Globel Discovery Multi-Gate Corp., Ltd.
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၁၁၄၊ အခန်း ၂ နေ ဒုတိယဗိုလ်မှူးကြီး သူရကျင်တင်(ငြိမ်း) (တပ်မတော်ရေ)-ဒေါ်စန်းမြင့်တို့၏သားကြီး၊ ရန်ကုန်မြို့နေ ဦးတင်ဦး-ဒေါ်ခင်သန်းတို့၏သားသမက်၊ ဦးမျိုးမြင့်-ဒေါ်ချိုချိုထွန်း၊ ဒေါ်စန်းစန်းခိုင် (KMO & Family Co.,Ltd.)၊ ဦးမင်းစိုး-ဒေါ်သီတာခိုင် (နည်းပြ/စက်၊ စိုက်၊သက်ဦးစီးဌာန)၊ ဦးသက်တင်အောင်တို့၏ အစ်ကိုကြီး၊ အမှတ် ၂၆ (4/B)၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်သန်းသန်းနု၏ခင်ပွန်း၊မခိုင်ခိုင်ဝင်းစိုး၊မဝါဝါဝင်းစိုး တို့၏ဖခင်၊ မောင်စောနိုင်ထွန်း၊ မောင်ဆန်းမျိုးထွန်းတို့၏ဦးလေးသည် ၆-၉-၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်လူ (ခ)ကိုပု
(ရေနံချောင်း)
အသက်(၄၆)နှစ်

အမှတ် ၇၈၊ကဏ္ဍာသယလမ်း၊တာမွေမြို့နယ်နေ ဦးတင်မြင့်-ဒေါ်ရင်နုတို့၏ ဒုတိယသား၊ ဦးမြင့်ကြူ (Country စားသောက်ဆိုင်၊ ရေနံချောင်း)-ဒေါ်ကြည်ကြည်မြင့် (ဆေးပဒေသာ)တို့၏ ညီ၊ ဦးမြင့်အောင်(JSM Shipping Co., Ltd.)-မဥမ္မာမြိုင်၊ ဦးမြင့်လွင် (မာဃကိုလွင်၊ မန္တလေး)(Mercury Force Co., Ltd.) - ဒေါ်ဥမ္မာလွင် (မာဃလျှပ်စစ်၊ မန္တလေး)၊ ဦးအောင်မြင့်စိုး(MFLO)-ဒေါ်ဖြူဖြူခင်၊ မမိမိငယ်(မိခိုင်)တို့၏အစ်ကို၊ တူ တူမ ၁၀ ယောက်တို့၏ဦးလေးသည် ၉-၉-၂၀၀၄ ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၉-၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၅၅၈၃၄၊ ပုံနှိပ် ၅၅၄၃၁၈။

R. 488

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတထံ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁၀

၂၀၀၄ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ရပ်ကြောင့် အပြစ်ကင်းမဲ့သူများ အသက်ဆုံးရှုံးခဲ့ရခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများတို့အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ မဒမ်မယ်ဂါဝတီ ဆိုကာနိုပူထရီထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့်အဖွဲ့အားလက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့် အဖွဲ့အား ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်သည်။**(ယာပုံ)**

စာမျက်နှာ ၉ ကော်လံ ၃ ✱

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့်ဇနီးနှင့်အဖွဲ့အားကြိုဆိုနှုတ်ဆက်

ရန်ကုန် စက်တင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Somdhat Attanand နှင့်ဇနီး Madame Khunying Suppanapa Attanand နှင့်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊

စာမျက်နှာ ၈ ကော်လံ ၁ ✡

ရဲတံခွန် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်သည့် ရေနံတူးစင်ကို ဝေဟင်မှ တွေ့ရစဉ်။(သတင်းစဉ်) (သတင်းအကျယ် စာ-၁၁)



ရဲတံခွန်ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့မြေတူးဖော်အောင်မြင် နေ့စဉ်စုစုပေါင်းသဘာဝဓာတ်ငွေ့ကုဗပေသန်း၅၀၀ထုတ်လုပ်ပေးနိုင်

- ❐ ၁၉၉၂ ခုနှစ် နိုဝင်ဘာတွင် အစမ်းတွင်း အမှတ်(၁)၌ စတင်တွေ့ရှိခဲ့ပြီး တွင်း ၁၂ တွင်း ဆက်လက်တူးဖော်ခဲ့၊
- ❐ ၂၀၀၀ ပြည့်နှစ် ဧပြီလတွင် ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့များ စတင် ရောင်းချခဲ့၊
- ❐ နောက်ထပ် တွင်းသစ် လေးတွင်းကို ၂၀၀၄ ခုနှစ် ဩဂုတ်လကုန်တွင် တူးဖော် အောင်မြင်ပြီး တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေသန်း ၄၀၀ အထိ တိုးမြှင့်ရောင်းချတော့မည်၊
- ❐ ထပ်မံတူးဖော်သော တွင်းသစ်များမှ တစ်ရက်လျှင်သဘာဝဓာတ်ငွေ့ ကုဗပေ ၁၄၅ သန်းခန့် ထွက်ရှိနေရာ ယခုအခါ သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၅၀၀ အထိ နေ့စဉ်ထုတ်လုပ်ပေးနိုင်ပြီး ထိုင်းနိုင်ငံသို့ တိုးမြှင့်ရောင်းချမည်၊
- ❐ သဘာဝဓာတ်ငွေ့နှင့်အတူထွက်ရှိသော လေဆီခေါ် ရေနံစိမ်းအပေါ့စားမှာ လည်း နေ့စဉ်စည် ၈၇၀၀ မှ ၁၂၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်နိုင်။